Strengthening Pre-service Teacher Education in Myanmar

# မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်သင် ပညာရေးအစီအစဉ်

## တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# လက်တွေ့တန်းပြ

## အပိုင်း (၁၀)

### မူလတန်းအထူးပြု

### လမ်းညွှန်ဆရာလက်စွဲစာအုပ်

# နိဒါန်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အစီအစဉ်အတွက် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဆရာအတတ်သင် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦး အနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ်အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန် အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ဆရာအတတ်သင် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးကို အပိုင်း (၂) ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည် သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency–based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များ နှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင် အစီအစဉ်ပါ သင်ရိုးကို သင်ယူပြီးချိန်တွင်လည်း ဆရာအတတ်သင် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ – အသုံးချ – ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn–apply–reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို – UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre–service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေး ထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို ဖင်လန် အစိုးရက ပေးအပ်ထားပါသည်။

# မာတိကာ


နိဒါန်း ..................................................................................................................က

မာတိကာ.................................................................................................................ဃ

အပိုင်း ၁၀။ လက်တွေ့တန်းပြလေ့ကျင့်ခြင်း မိတ်ဆက် ...........................................၁၀

ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်မှ တတ်ကျွမ်းမှုများ ..........................................................................................................၁၁

အခန်းကဏ္ဍနှင့် တာဝန်များ ..................................................................................၁၆

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း ............................................................................၁၈

လက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလအတွင်း ကျောင်းသားများကို ပံ့ပိုးကူညီခြင်း.........................................................................................................၁၈

ဆရာအတတ်ပညာဆိုင်ရာ ဝိသေသလက္ခဏာများကို တိုးတက်ကောင်းမွန်စေခြင်း.............................................................................................၁၉

ကျောင်းသားများအား ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်မှုကာလတွင် ပံ့ပိုးကူညီနိုင်မည့် လက်တွေ့ကျသော အကြံပြုချက်များ.................................. ၂၃

ကျောင်းသားများ၏ လုပ်ငန်းအချိန်ဇယား.................................................................၂၅

ပူးပေါင်း အစီအစဉ်ရေးဆွဲခြင်းနှင့် သင်ကြားခြင်း ...........................................၂၅

ကြည့်ရှုလေ့လာခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း ..............................................၂၆

ပထမပတ်လုပ်ငန်းများ – ကြည့်ရှုလေ့လာခြင်းနှင့် ဆန်းစစ်လေ့လာခြင်း .......၂၇

(အခြေခံပညာ) ကျောင်းအခြေပြု သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း.....................................................................................................၂၇

ဆရာနှင့် အခြေခံပညာကျောင်းသားကို ကြည့်ရှုလေ့လာခြင်း .........................၂၇

ဒုတိယပတ်မှ ပဉ္စမပတ်အထိ – သင်ကြားသူကိုယ်တိုင် ဦးဆောင်သင်ကြားခြင်း .......................................................................................၂၈

သင်ခန်းစာ စီစဉ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း.......................................................၂၉

သင်ခန်းစာများကို သင်ကြားခြင်းနှင့် တုံ့ပြန်အကြံပြုချက်များ လက်ခံရယူခြင်း.........................................................................................................၃၀

(အခြေခံပညာ) ကျောင်းသား၏ သင်ယူမှုအထောက်အထားများကို
စုဆောင်းခြင်း..........................................................................................၃၁
ပြန်လည်သုံးသပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်
ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း ......................................................................၃၁
(အခြေခံပညာ) ကျောင်းသား သင်ယူမှုကို အဟန့်အတားဖြစ်စေသည့်
အတားအဆီးများကို ကြည့်ရှုလေ့လာခြင်း၊ သတ်မှတ်ဖော်ထုတ်ခြင်းနှင့်
ဖြေရှင်းဆောင်ရွက်ခြင်း ..............................................................................၃၂
ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ်
(ဒုတိယပတ်မှ စတုတ္ထပတ်အထိ)...................................................................၃၃
လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) ကို
ပြန်လည်သုံးသပ်ခြင်း (ဆဋ္ဌမပတ်) ...................................................................၃၄
နောက်ဆက်တွဲများ.................................................................................................၃၅
နောက်ဆက်တွဲ (၁)။ ပညာရေး၏ ကျင့်ဝတ်ငါးသွယ်နှင့် ၎င်းတို့၏ ဆက်စပ်တာဝန်
ဝတ္တရားများ ..........................................................................၃၅
နောက်ဆက်တွဲ (၂)။ အခြေအနေ ဆန်းစစ်လေ့လာမှု ပုံစံလွှာ ..............................၃၈
နောက်ဆက်တွဲ (၃)။ ဆရာကို ကြည့်ရှုလေ့လာမှု ပုံစံလွှာ ....................................၄၀
နောက်ဆက်တွဲ (၄)။ ကျောင်းသား (၁) ကို ကြည့်ရှုလေ့လာမှုပုံစံလွှာ ...................၄၁
နောက်ဆက်တွဲ (၅)။ ကျောင်းသား (၂) ကို ကြည့်ရှုလေ့လာမှုပုံစံလွှာ....................၄၂
နောက်ဆက်တွဲ (၆)။ ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆက်ဆံမှုကို
ပြန်လည်သုံးသပ်ခြင်း ပုံစံလွှာ (ဂစ်ဘ်စ် (Gibbs) မှ
လိုက်လျောညီထွေ ပြင်ဆင်ထားသည်) ...............................၄၃
နောက်ဆက်တွဲ (၇)။ တစ်ဦးချင်းစီ၏ ဆရာအတတ်ပညာဆိုင်ရာ
စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု အစီအစဉ်.........................................၄၅
နောက်ဆက်တွဲ (၈)။ သင်ခန်းစာ ကြည့်ရှုလေ့လာမှုဆိုင်ရာ သုံးသပ်အကြံပြုလွှာ ..၄၇
နောက်ဆက်တွဲ (၉)။ တတိယနှစ် သင်ပြမှုပုံစံလွှာ ...........................................၅၃
နောက်ဆက်တွဲ (၁၀)။ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်ကို
ပြန်လည်သုံးသပ်ခြင်း ပုံစံလွှာ ......................................... ၅၇

**ဇယား (က)။ တတိယနှစ် လက်တွေ့တန်းပြ၊ မူလတန်းအထူးပြုဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။** | (က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။ |
| | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံအကြောင်းအရာ အမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(က-၃) ကျောင်းသားများ နှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကို သိသည်။** | (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုများ မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။ | (က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။<br><br>(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br><br>(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျ မှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများ တွင် ထည့်သွင်းသည်။<br><br>(က) (၅.၁.၃) အတန်းအဆင့်အလိုက် သင်ကြားရမည့် စာတတ်မြောက်မှု၊ အခြေခံ သင်္ချာတတ်မြောက်မှု၊ သိပ္ပံ နှင့် လူမှုရေး ဘာသာရပ်များ၏ အဓိကနယ်ပယ်များတွင် သင်ယူမှုတိုးတက်မြင့်မားစေရန် အသုံးပြုထားသော၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော ချဉ်းကပ်နည်းများ ကို ဖော်ပြသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှု မြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်း များကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။<br><br>(က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိက ဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်း အချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက် ထားကြောင်း ရှင်းပြသည်။<br><br>(က) (၅.၂.၃) ကျောင်းသားများ၏ စာဖတ်စွမ်းရည် နှင့် အတွက်အချက်စွမ်းရည်အတွက် ကျွမ်းကျင်မှု မြင့်မားစေမည့် ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၁) သင်ကြားမှု နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များ နှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။<br><br>(ခ) (၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင် အတွေးအခေါ်များကို သတိပြုမိရန် အားပေးသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများ နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။ |
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာ ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိလာသော သတင်း အချက်အလက်များကို အသုံးပြုသည်။ |
| **(ခ-၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုသော၊ ဘေးကင်းလုံခြုံစိတ်ချမှု ရှိသော သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။** | (ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူ များကို စီမံခန့်ခွဲရန် နည်းဗျူဟာများ သုံး၍ ဖြေရှင်းနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။<br><br>(ခ) (၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံ အကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန်ဆက်သွယ်ပြောဆိုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။** | (ခ) (၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၄.၁.၁) မိဘများအကြားနားလည်မှုမြင့်မားရန် ကျောင်း၏ အခြေအနေများ၊ မူလတန်း သင်ရိုးညွှန်းတမ်းများအကြောင်းကို အခြားသူများအား အပြုသဘောဖြင့် ပြောဆိုသည်။<br>(ခ) (၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်း ကလေးများ၏ သင်ယူမှုတွင် မိဘများ၏ ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးသည့် နည်းဗျူဟာများကို ဖော်ပြသည်။<br>(ခ) (၄.၁.၃) သင်ယူမှုအခက်အခဲများကို တုံ့ပြန်ရန်နှင့် သုံးသပ်အကြံပြုချက်များကို အပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများရရှိရန် ကြိုးပမ်းသည်။ |
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန် ထမ်းဆောင်သည်။** | (ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ် ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေးအရည်အသွေးမြင့်မားစေရန်နှင့် ပညာရေးတန်းတူညီမျှမှုရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။** | (ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။ | (ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်း ပြသည်။ |
| | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ဂ) (၃.၃) ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။ | (ဂ) (၃.၃.၁) ရေရှည် တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေးလက်တွေ့ ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှု လုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှု အပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |
| **(ဃ-၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။<br><br>(ဃ) (၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည်။<br><br>(ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ-၃) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သည်။** | (ဃ) (၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာသင်ယူမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။ | (ဃ) (၃.၁.၁) မိမိ၏လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။<br><br>(ဃ) (၃.၁.၂) အကြောင်းအရာဆိုင်ရာ ဗဟုသုတ အချက်အလက်များနှင့် မိမိ၏ လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် မူလတန်းပညာရေးနှင့် သင်ကြားရမည့် သီးသန့်ဘာသာရပ်များအတွက် လက်ရှိ ရေးရှုရာလမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို online သို့မဟုတ် offline ရှာဖွေရယူ၊ ခွဲခြမ်းစိတ်ဖြာသည်။ |

*ရင်းမြစ်* – မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်တာဝန်ထမ်းဆောင်စ ဆရာများ၊ ၂၀၂၀ ပြည့်နှစ်၊ စာမျက်နှာ ၇၉–၁၁၀။

**ဇယား (ခ)။ တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်၊ လက်တွေ့တန်းပြ မာတိကာအကြောင်းအရာ**

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ – အနိမ့်ဆုံး လိုအပ်ချက်များ | ဆရာ့တတ်ကျွမ်းမှုစံ – အညွှန်းကိန်းများ | စာသင်ချိန် |
|---|---|---|---|---|---|---|
| ၁။ အပိုင်း (၁၀)။ သတ်မှတ်ထားသော ကျောင်းတွင် လက်တွေ့တန်းပြ လေ့ကျင့်ခြင်း | ၁.၁။ သင်ကြားရေး အလေ့အကျင့် | ၁.၁.၁။ သင်ကြား၊ သင်ယူမှု သဘောတရားကို လက်တွေ့ကျသော နည်းလမ်းများဖြင့် အသုံးချခြင်း | • သင်ကြားမှု သတင်းအချက်အလက် ပေးရန် အခြေအနေ လေ့လာ ဆန်းစစ်မှုများကို ပြုစုရေးသားတတ်မည်။<br>• သင်ရိုးညွှန်းတမ်း နယ်ပယ်တစ်ခုစီရှိ အနည်းဆုံး သင်ခန်းစာနှစ်ခုကို ကြိုတင်ပြင်ဆင်၊ သင်ကြားပြီး ပြန်လည်သုံးသပ်တတ်မည်။ | (ဃ) (၁.၁) | (ဃ) (၁.၁.၁)<br>(ဃ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | ပထမပတ် |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ: အနိမ့်ဆုံး လိုအပ်ချက်များ | ဆရာ့တတ်ကျွမ်းမှုစံ: အညွှန်းကိန်းများ | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | ၃.၁.၂။ သင်ကြား၊ သင်ယူမှုအတွက် အထောက်အထား စုဆောင်းခြင်း | • ကျောင်းသားများ သင်ယူမှုအတွက် အထောက်အထားများ စုဆောင်းတတ်မည်။ | (ဃ) (၁.၁) | (ဃ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | ပထမပတ်မှ ပဉ္စမပတ်ထိ |
| | | ၃.၁.၃။ ကျောင်းများတွင် စုပေါင်းသင်ယူခြင်း | • လက်တွေ့တန်းပြ လေ့ကျင့်ခြင်း ကာလအတွင်း သင်ကြားရေး အလေ့အကျင့်များ တိုးတက်စေရန်အတွက် ကျောင်းသားအချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်တတ်မည်။ | (ခ) (၄.၁) | (ခ) (၄.၁.၁)<br>(ခ) (၄.၁.၂)<br>(ခ) (၄.၁.၃) | တတိယပတ် |
| | | ၃.၁.၄။ ကျောင်းတွင်း အလေ့အကျင့်ရှိ စိန်ခေါ်မှုများ | • လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကာလ အတွင်း ကျောင်းသား များ၏ သင်ယူမှုတွင် တွေ့ရသော အတားအဆီးများကို ကြည့်ရှုလေ့လာပြီး သတ်မှတ်ဖော်ထုတ် တတ်မည်။ | (ခ) (၄.၁) | (ခ) (၄.၁.၁)<br>(ခ) (၄.၁.၂)<br>(ခ) (၄.၁.၃) | စတုတ္ထပတ် |
| | | ၃.၁.၅။ ထိရောက်သော သင်ကြား၊ သင်ယူမှုကို အကဲဖြတ်သုံးသပ်ခြင်း – မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်းနှင့် အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း | • လက်တွေ့တန်းပြ လေ့ကျင့်ခြင်း ကာလ အတွင်း သင်ကြားရေး အလေ့အကျင့်များ တိုးတက်စေမည့် သင်ယူမှု အထောက်အထားကို ဆန်းစစ်လေ့လာ တတ်မည်။ | (ခ) (၄.၁) | (ခ) (၄.၁.၁)<br>(ခ) (၄.၁.၂)<br>(ခ) (၄.၁.၃) | စတုတ္ထပတ် |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ - အနိမ့်ဆုံးလိုအပ်ချက်များ | ဆရာ့တတ်ကျွမ်းမှုစံ - အညွှန်းကိန်းများ | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | ၃.၁.၆။ သင်ကြား၊ သင်ယူမှု အထောက်အထားကို မှတ်တမ်းယူခြင်း | • အထောက်အထားများတွင် တွေ့ရသော ကျောင်းသားများ၏ သင်ယူမှုအတွက် အတားအဆီးများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အဆိုပြုတတ်မည်။ | (ခ) (၄.၁) | (ခ) (၄.၁.၁)<br>(ခ) (၄.၁.၂)<br>(ခ) (၄.၁.၃) | ပဥ္စမပတ် |
| | ၃.၂။ သုတေသန စီမံချက် | ၃.၂.၁။ ပူးပေါင်း ဆောင်ရွက်သော သုတေသနကို အကောင် အထည်ဖော် ဆောင်ရွက်ခြင်း | • ပူးပေါင်းညှိနှိုင်း လုပ်ဆောင်သော သုတေသနအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်တတ်မည်။ | (ဃ) (၁.၁) | (ဃ) (၁.၁.၁)<br>(ဃ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | ပထမပတ်မှ ဆဌမပတ်ထိ |
| | | ၃.၂.၂။ ပူးပေါင်း အလေ့အကျင့်ကို အသိပေးရန် သုတေသနကို အသုံးပြုခြင်း | • သုတေသနစီမံချက်တွင် အတန်းဖော် ကျောင်းသားများနှင့် အတူ ပူးပေါင်း ဆောင်ရွက်တတ်မည်။ | (ဃ) (၃.၁) | (ဃ) (၃.၁.၁)<br>(ဃ) (၃.၁.၂) | |
| | | ၃.၂.၃။ သုတေသန စီမံချက်ကို အချင်းချင်း ပြန်လည် သုံးသပ်ခြင်း | • အချင်းချင်း ပြန်လည် သုံးသပ်ခြင်းနှင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း မှတစ်ဆင့် သုတေသန စီမံချက် အရည်အသွေးကို စစ်ဆေးအကဲဖြတ် တတ်မည်။ | (ဃ) (၁.၁) | (ဃ) (၁.၁.၁)<br>(ဃ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၃.၂.၄။ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရသော သုတေသနစာတမ်းငယ်၏ အကျိုးသက်ရောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်း | • လုပ်ငန်းအလေ့အထတူ အသိုက်အဝန်းများနှင့် ချိတ်ဆက်မှု တည်ဆောက်နိုင်ရန်အတွက် တုံ့ပြန်အကြံပြုချက်များကို အသုံးပြုတတ်မည်။ | (ဃ) (၁.၁) | (ဃ) (၁.၁.၁)<br>(ဃ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | |
| | | ၃.၂.၅။ စုပေါင်းအားဖြင့် ထိရောက်မှုရှိလာစေခြင်း | • မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းတို့ကို အသုံးပြုလျက် သင်ကြားမှုစွမ်းရည်ကို အကဲဖြတ်သုံးသပ်တတ်မည်။ | (ဃ) (၁.၁) | (ဃ) (၁.၁.၁)<br>(ဃ) (၁.၁.၂)<br>(ဃ) (၁.၁.၃) | |
| စုစုပေါင်းစာသင်ချိန် | | | | | | ရက်သတ္တပတ်ခြောက်ပတ် |

အပိုင်း
၁၀

# လက်တွေ့တန်းပြ လေ့ကျင့်ခြင်း မိတ်ဆက်

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) ၏ ရည်ရွယ်ချက်မှာ **လက်တွေ့ပြန်လည်အသုံးချနိုင်သည့် အခြေအနေ**များတွင် စာသင်ခန်းအခြေပြု သင်ယူမှုကို အသုံးပြုနိုင်မည့် အခွင့်အလမ်းများကို ကျောင်းသားများအား ပံ့ပိုးပေးရန်ဖြစ်ပြီး ထိုမှတစ်ဆင့် ဆရာတစ်ဦးအဖြစ် ၎င်းတို့၏ မိမိကိုယ်ကို ယုံကြည်မှုနှင့် တတ်ကျွမ်းမှုများ တိုးတက်လာစေရန် ဖြစ်ပါသည်။ လက်တွေ့တန်းပြလေ့ကျင့်ခြင်း အတွေ့အကြုံများသည် ၎င်းတို့၏ ဆရာအတတ်သင်ပညာရေး စီမံကိန်းတွင် အကြမ်းဖျင်းဖော်ပြထားပြီး ပုံ (၁.၁) တွင် အလေးထားဖော်ပြထားသည့်အတိုင်း လိုအပ်သည့် တတ်ကျွမ်းမှုများကို ကျောင်းသားများက ဖွံ့ဖြိုးအောင် လုပ်ဆောင်နေကြောင်း အထောက်အထားပေးနိုင်မည့် နည်းလမ်းတစ်ခု ဖြစ်သည်။




ပုံ ၁.၁။ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးတွင် တတိယနှစ် သင်ရိုးညွှန်းတမ်းရှိရာ နေရာ[၁]

---

၁ စာရေးသူ၏ မူရင်းပုံကို ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။

# ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်

## အညွှန်းဘောင်မှ တတ်ကျွမ်းမှုများ

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း ကာလတစ်လျှောက်တွင် ကျောင်းသားများသည် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်မှ အောက်ပါ တတ်ကျွမ်းမှုများကို ရရှိလာမည်ဖြစ်သည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာ နှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေး အကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်ပေါ်လာစေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်း ရှိကြောင်း ပြသည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ် ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၁.၄) ပညာရေးဆိုင်ရာ ရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။

(ဂ) (၂.၁) ကျောင်းနှင့် ရပ်ရွာကိစ္စများ၌ ဆရာ့အတတ်ပညာ အသိုင်းအဝိုင်းဝင် ဆရာတစ်ဦးအနေဖြင့် တာဝန်ခံဆောင်ရွက်နိုင်ကြောင်း ပြသသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည် ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။

(ဃ-၁) မိမိ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်သည်။

(ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစား သုံးသပ်သည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

(ဃ) (၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်း လေ့လာသင်ယူမှုနှင့် သုတေသန အခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်း ပြသည်။

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) သည် ရက်သတ္တပတ် ခြောက်ပတ် (ရက် ၃၀) ကြာမြင့်ပါမည်။ ၎င်းကို ကျောင်းသားအတွက် တာဝန်ချထားပေးသော **မိတ်ဖက်ကျောင်း/ လေ့ကျင့်ရေးကျောင်း**တွင် ဆောင်ရွက်ရမည်။

ကျောင်းသားများ၏ လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကို မစတင်မီ ပညာရေးဒီဂရီကောလိပ်မှ ဆရာများက လမ်းညွှန်ဆရာဖြစ်သော သင်နှင့် ကျောင်းသားအားလုံးကို လက်တွေ့တန်းပြ လေ့ကျင့်ခြင်း၏ မျှော်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမည့် ပုံမှန်မိတ်ဆက် ရှင်းလင်းပွဲသို့ တက်ရောက်ရပါမည်။

ကျောင်းသားများ၏ လက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလအတွင်း ပညာရေးဒီဂရီကောလိပ်က ကျောင်းသားများကို ဆက်လက် ပံ့ပိုးကူညီပေးနေမည် ဖြစ်သည်။ လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကာလ ပြီးဆုံးသည့်အခါ ကျောင်းသားများသည် လက်တွေ့တန်းပြလေ့ကျင့်ခြင်း အတွေ့အကြုံနှင့် **ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်** စီမံချက်တို့ကို ပြန်လည်သုံးသပ်ရန် အချိန်ရမည်ဖြစ်ပြီး လက်တွေ့တန်းပြလေ့ကျင့်ခြင်း သင်ယူမှု အထောက်အထားမှတ်တမ်းရှိ လုပ်ငန်းများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည် ဖြစ်သည်။ ကျောင်းသားများ၏ သင်ယူမှုနှင့် တိုးတက်မှု အထောက်အထားများကို ၎င်းတို့၏

**လက်တွေ့တန်းပြလေ့ကျင့်ခြင်း သင်ယူမှုအထောက်အထား မှတ်တမ်းအပြင် ၎င်းတို့၏ ကိုယ်ပိုင်လက်စွဲစာအုပ်တွင် စုစည်းထည့်သွင်းရမည် ဖြစ်သည်။**

**သတိပြုရန် - ဤလက်စွဲစာအုပ်ကို တတိယနှစ် လက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလအတွင်း ကျောင်းသားများနှင့် တွဲဖက်လုပ်ဆောင်ကာ ပံ့ပိုးကူညီပေးမည့် ပါဝင်ပတ်သက်သူအမျိုးမျိုးနှင့် ကိုက်ညီစေရန် ပြင်ဆင်ထားပါသည်။ ကျောင်းသားများသည် ဤလက်စွဲစာအုပ်၏ အသေးစိတ်တည်းဖြတ်မှုကို ရရှိမည်ဖြစ်ပြီး လက်စွဲစာအုပ်ထဲတွင် ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) ကာလတစ်လျှောက် လုပ်ဆောင်သွားရမည့် လုပ်ငန်းများနှင့် ပြန်လည်သုံးသပ်မှုများ ပါဝင်သည်။**

**ဇယား ၁.၁။ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) အတွက် ခြုံငုံသုံးသပ်ချက်**

| |
|---|
| ကြာချိန်<br><br>မိတ်ဖက်ကျောင်း/လေ့ကျင့်ရေးကျောင်းနှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် ရက်သတ္တပတ် ငါးပတ်ကြာ သင်ယူလေ့ကျင့်ရပါမည်။ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်းတစ်ခုလုံးကို တက်ရောက်ရန် ကျောင်းသားများအား မျှော်မှန်းထားပါသည်။ ပထမနှစ်မှ တတိယနှစ်ထိ စစ်ဆေးအကဲဖြတ်ခြင်းမှာ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သော်လည်း လက်တွေ့တန်းပြလေ့ကျင့်မှု အောင်မြင်ရန်အတွက်မူ တာဝန်ကျရက်များအတွင်း ကျောင်းခေါ်ကြိမ် အနိမ့်ဆုံး ၈၀% တက်ရောက်ရမည်ဟူသော သတ်မှတ်ချက် ရှိသည်။ |
| **လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) အတွက် လိုအပ်ချက်များကို အကျဉ်းချုပ် ဖော်ပြချက်**<br><br>တတိယနှစ်တွင် ကျောင်းသားများသည် မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်အရ ၎င်းတို့တွင် ရရှိရမည့် ဆရာတတ်ကျွမ်းမှုများ *ခိုင်မာအားကောင်း*လာမည် ဖြစ်သည်။<br><br>ဤလက်တွေ့တန်းပြ လေ့ကျင့်ခြင်းတွင် ကျောင်းသားများသည် -<br><br>• ၎င်းတို့ သင်ကြားရမည့် ကျောင်း၊ အတန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းရမည်။<br>• အတန်းများကို ကြည့်ရှုလေ့လာရမည်။<br>• အနည်းဆုံး လေ့ကျင့်ခန်း (၁၀) ခုကို စီစဉ်သင်ကြားရမည်။<br>• လမ်းညွှန်ဆရာများထံမှ တုံ့ပြန်အကြံပြုချက်များနှင့် ပညာရေးဒီဂရီကောလိပ်မှ ၎င်းတို့ ဆရာ၏ ကြည့်ရှုလေ့လာမှုမှ ရရှိလာသော တုံ့ပြန်အကြံပြုချက်တို့ကို အသုံးပြု၍ ၎င်းတို့၏ လက်တွေ့ဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ရမည်။<br>• ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆက်ဆံမှုနှင့် ဆရာ့ကျင့်ဝတ်များအကြောင်း သတင်းအချက်အလက်များကို စုဆောင်းပြီး လက်တွေ့ကျင့်သုံးရမည်။<br>• ပူပေါင်းညှိနှိုင်းဆောင်ရွက်ရသော သုတေသနစာတမ်းငယ် စီမံချက်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။<br>• ၎င်းတို့၏ လက်တွေ့ဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ပြီး ၎င်းတို့၏ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်မှ သင်ယူလေ့လာခဲ့သည်များကို ဆွေးနွေး၊ မျှဝေကာ ဆရာအတတ်ပညာဆိုင်ရာ သင်ယူမှု အထောက်အထားမှတ်တမ်းမှ ဆက်စပ်လုပ်ငန်းများကို ပြီးမြောက်အောင် လုပ်ဆောင်ရမည်။ |

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

ကျောင်းသားများသည် *ခိုင်မာအားကောင်းသော* အဆင့်အတွက် ဤလက်တွေ့တန်းပြက အလေးပေးထားသော ဆရာများအတွက် တတ်ကျွမ်းမှုများကို သရုပ်ပြသင်ကြားတတ်မည်။

## အရေးကြီးသတိပေးချက်

ကျောင်းသားများ၏ ကျောင်းခေါ်ကြိမ်သည် စာသင်နေ့တစ်နေ့တာလုံးအတွက် အကျုံးဝင်ပြီး ၎င်းတွင် **သင်ရိုးပြင်ပလုပ်ငန်းများဆောင်ရွက်ခြင်း**နှင့် ကျောင်းအစည်းအဝေးပွဲများ တက်ရောက်ခြင်းတို့ ပါဝင်သည်။ ကျောင်းသားများသည် အကြောင်းပြချက်တစ်ခုခုကြောင့် ကျောင်းမတက်ရောက်နိုင်ပါက ကျောင်းသို့ ချက်ချင်း အသိပေးရမည်ဖြစ်ပြီး အစားထိုးရက်များအတွက် ညှိနှိုင်းရမည်။ ပြောင်းလဲမှုတစ်ခုခုရှိလာပါကလည်း ကျောင်းသားများအနေဖြင့် ပညာရေးဒီဂရီကောလိပ်သို့ အသိပေးရမည် ဖြစ်သည်။

# အခန်းကဏ္ဍနှင့် တာဝန်များ

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) ၌ ပါဝင်သူ တစ်ဦးချင်းစီ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ဇယား (၁.၂) တွင် အကြမ်းဖျင်းဖော်ပြထားသည်။

**ဇယား ၁.၂။ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) အတွက် ကျောင်းသားများ၊ ပညာရေးဒီဂရီကောလိပ်မှ ဆရာများ၊ လမ်းညွှန်ဆရာများနှင့် ကျောင်းအုပ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များ**

| ကျောင်းသား | ပညာရေးဒီဂရီကောလိပ်မှ ဆရာ | လမ်းညွှန်ဆရာ | ကျောင်းအုပ် |
|---|---|---|---|
| • ထိရောက်စွာ သင်ကြားရန်အတွက် စနစ်တကျ ပြင်ဆင်စီစဉ်ရမည်။<br>• မိမိကိုယ်တိုင် ဦးဆောင်ညွှန်ကြား သင်ယူမှု<br>• ပညာရှင်ပီသစွာ ပြောဆိုဆက်ဆံရမည်။<br>• တုံ့ပြန်အကြံပြုချက်နှင့် အကြံပေးချက်များကို လက်ခံရမည်။<br>• ပြန်လည်သုံးသပ်ပြီး တိုးတက်အောင် ဆောင်ရွက်ရမည်။ | • သင်ပြမှုပုံစံများကို ကြီးကြပ်ပြီး တုံ့ပြန်အကြံပြုချက်များ ပေးရမည်။<br>• ကျောင်းသားများ၏ လက်တွေ့ လုပ်ဆောင်မှုကို လေ့ကျင့်လမ်းညွှန် ပေးရမည်။<br>• လက်တွေ့တန်းပြ လေ့ကျင့်ခြင်း မစတင်မီ အနည်းဆုံး တစ်ပတ် ကြိုတင်၍ ကျောင်းသားများ၏ လက်တွေ့တန်းပြ လေ့ကျင့်ရေး အချိန်ဇယားကို မိတ်ဖက်ကျောင်းနှင့် ညှိနှိုင်းပေးရမည်။ | • ကျောင်းသားများ၏ သင်ပြမှုပုံစံများကို ပြန်လည်ဆန်းစစ်ပြီး တုံ့ပြန်အကြံပြုချက် ပေးရမည်။<br>• ကျောင်းသားများ၏ လက်တွေ့ သင်ကြားခြင်းကို ကြည့်ရှုလေ့လာပြီး အကဲဖြတ်သုံးသပ် ရမည်။<br>• အခြေခံပညာ ကျောင်းသားများ၏ သင်ယူမှုကို အနှောင့်အယှက် အနည်းဆုံးဖြစ်စေရန် လက်ရှိ သင်ကြားရေး အချိန်ဇယားအတွက် ဆရာများနှင့် ဆက်သွယ်ညှိနှိုင်း ရမည်။ | • လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကာလ မတိုင်မီ လမ်းညွှန်ဆရာများကို သက်ဆိုင်ရာ မူဝါဒများနှင့် အလေ့အကျင့်များကို ပြောပြထားရမည်။<br>• ပညာရေးဒီဂရီကောလိပ်များနှင့် စာသင်ကျောင်းအကြား ပြုလုပ်သည့် မည်သည့် သင်တန်းကိုမဆို တက်ရောက်ရမည်။<br>• လမ်းညွှန်ဆရာများ အတွက် လေ့ကျင့်ရေး သင်တန်းများကို လိုအပ်သလို စနစ်တကျ စီစဉ်ပေးရမည်။<br>• လမ်းညွှန်ဆရာများကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီပေးရမည်။ |

| ကျောင်းသား | ပညာရေးဒီဂရီကောလိပ်မှ ဆရာ | လမ်းညွှန်ဆရာ | ကျောင်းအုပ် |
|---|---|---|---|
| | • မျှော်လင့်မထားသော ပြဿနာများကို ဖြေရှင်းပေးရမည်။<br>• ကျောင်းသားများအား ကျောင်းစီမံကိန်းနှင့် ကိုက်ညီသည့် သင်ပြမှုပုံစံ ခေါင်းစဉ်များကို အကြံပြုပေးရမည်။<br>• လက်တွေ့တန်းပြ လေ့ကျင့်ခြင်းနှင့် စပ်လျဉ်းသည့် လက်တွေ့ လုပ်ဆောင်ချက် အသေးစိတ်ကို စီမံခန့်ခွဲရမည်။ ဥပမာ - သွားရေးလာရေး။<br>• ကျောင်းသားများကို အကြံပြုဆွေးနွေးပြီး အချိန်နှင့် တစ်ပြေးညီ အပြုသဘောဆောင် အားပေးတိုက်တွန်း ရမည်။<br>• အနည်းဆုံး သင်ခန်းစာတစ်ခုကို ကြည့်ရှုလေ့လာပြီး စာဖြင့်တုံ့ပြန် အကြံပြုချက် ပေးရမည်။ | • ကျောင်းသားများ တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်သော နယ်ပယ်များနှင့် အားသာချက်များကို နှုတ်ဖြင့်၊ စာဖြင့်တုံ့ပြန် အကြံပြုချက် ပေးရမည်။<br>• ကျောင်းသားများ၏ တိုးတက်မှုကို ပံ့ပိုးကူညီရမည်။<br>• ကျောင်းသားများ အတွက် ထိရောက်မှုရှိသော၊ လူတိုင်းအကျုံးဝင် သော အလေ့အကျင့် နှင့် ကျွမ်းကျင်ပိုင်နိုင်မှု တို့ကို နမူနာ လုပ်ပြရမည်။ | |

အောက်ပါအပိုင်းများတွင် လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကာလနှင့် သက်ဆိုင်ရာ လုပ်ငန်း များကို အကျဉ်းချုပ် ဖော်ပြထားသည်။

# လက်တွေ့တန်းပြ လေ့ကျင့်ခြင်း

လက်တွေ့တန်းပြလေ့ကျင့်ခြင်း အပိုင်း (၁၀) သည် ကျောင်းသားများအား တတိယနှစ်မှ သင်ယူခဲ့သည်များကို လက်တွေ့ဘဝတွင် ပြန်လည်အသုံးပြုနိုင်ပြီး စာသင်ကျောင်း တစ်ကျောင်းတွင် ကျောင်းသားများ ကိုယ်တိုင် ကြည့်ရှုလေ့လာ၊ သင်ကြားပြီး ပါဝင်ဆောင်ရွက်ခွင့် ရရှိစေမည် ဖြစ်သည်။

ကျောင်းသားတစ်ဦးစီကို အသေးစိတ်အချက်အလက်များ ပါဝင်သော လက်စွဲစာအုပ်တစ်အုပ်စီ ပေးထားမည်ဖြစ်ပြီး လက်စွဲစာအုပ်ထဲတွင် ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်ရေးကို အောင်မြင်မှုရရှိအောင် ကူညီပေးမည့် အကြံပြုချက်များပါဝင်ပြီး လက်တွေ့တန်းပြ လေ့ကျင့်ရေး ကာလအတွင်း သင်ယူသူအမျိုးမျိုးကို ပံ့ပိုးကူညီခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့အတွက် လက်တွေ့ကျသော အကြံဉာဏ်များအပြင် ၎င်းတို့၏ တိုးတက်မှုကို အကဲဖြတ်သုံးသပ်နိုင်မည့် နည်းလမ်းအမျိုးမျိုးလည်း ပါဝင်ပါသည်။

## လက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလအတွင်း ကျောင်းသားများကို ပံ့ပိုးကူညီခြင်း

လက်တွေ့တန်းပြလေ့ကျင့်ခြင်း မစတင်မီ သင်ကြားသူကိုယ်တိုင် ဦးဆောင်သင်ကြားနည်း များနှင့် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်တို့အကြောင်း သင်ယူထားသည် များကို စိစစ်တည်းဖြတ်ရန် ကျောင်းသားများကို မျှော်မှန်းထားပါသည်။ ၎င်းတို့တာဝန်ကျသော အခြေခံပညာကျောင်းတွင် လက်တွေ့တန်းပြ လေ့ကျင့်နေစဉ် ကာလအတွင်း ကျောင်းသားများကို ပံ့ပိုးကူညီပေးရန် ဆရာများနှင့် **လမ်းညွှန်ဆရာများ** ရှိနေမည် ဖြစ်သည်။ ကျောင်းအနေနှင့် လက်တွေ့တန်းပြ လေ့ကျင့်နေသည့် အချိန်တစ်ခုခုတွင် ကျောင်းသားနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာကိစ္စများ ရှိလာပါက အဆိုပါကိစ္စများကို ၎င်းတို့၏ ဆရာထံ တင်ပြပေးရန် ညွှန်ကြားထားပါသည်။

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အတွေ့အကြုံတွင် ပါဝင်ပတ်သက်သူ အားလုံးသည် တတိယနှစ် လက်တွေ့တန်းပြ လေ့ကျင့်ခြင်း၏ ချဉ်းကပ်နည်းများ၊ မျှော်မှန်းချက်များနှင့် အနိမ့်ဆုံး သတ်မှတ်ချက်အားလုံးကို အတူတကွ မျှဝေနားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ လက်တွေ့တန်းပြလေ့ကျင့်ခြင်းအတွက် လိုအပ်ချက်များနှင့် မျှော်မှန်းထားသည့် အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းပြရန် လက်တွေ့တန်းပြလေ့ကျင့်သည့်ကျောင်းတွင် လမ်းညွှန်ဆရာ၊ ကျောင်းအုပ်တို့နှင့်အတူ အစည်းအဝေးပြုလုပ်ရန် (ပညာရေးဒီဂရီကောလိပ်မှ) ဆရာအား အကြံပြုထားပါသည်။ ကျောင်းသားများ၊ (ပညာရေးဒီဂရီကောလိပ်မှ) ဆရာများနှင့် ကျောင်းအုပ်တို့သည် ကျောင်းသားများ၏ အလေ့အကျင့်ကို လမ်းညွှန်ပေးရန်နှင့် ပံ့ပိုးကူညီ ပေးရန်အတွက် ဤစာအုပ်နှင့် ဆင်တူသော လက်စွဲစာအုပ်တစ်အုပ်စီကို ရရှိမည်။ ဤ လက်စွဲစာအုပ်များတွင် လေးနှစ်တာအစီအစဉ်အတွင်း လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကို ရှာဖွေနိုင်သည့် ပုံ (၁.၁)၊ အခန်းကဏ္ဍအမျိုးမျိုးနှင့် တာဝန်အမျိုးမျိုးတို့ကို အကြမ်းဖျင်း ဖော်ပြ ထားသော ဇယား (၁.၂) တို့ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့သည် အစည်းအဝေးပွဲများနှင့် ဆွေးနွေးပွဲများတွင် အကိုးအကားပြုရန်အတွက် အသုံးဝင်သည့် အချက်များ ဖြစ်ပါသည်။ သင့်တွင် မေးခွန်းများ (သို့မဟုတ်) စိုးရိမ်ဖွယ်ရာကိစ္စများ ရှိပါက ကျေးဇူးပြု၍ ပညာရေး ဒီဂရီကောလိပ်မှ ဆရာကို မေးမြန်းပါ။

## ဆရာအတတ်ပညာဆိုင်ရာ ဝိသေသလက္ခဏာများကို တိုးတက် ကောင်းမွန်စေခြင်း

လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကို ပံ့ပိုးကူညီရာတွင် လမ်းညွှန်ဆရာတစ်ဦးဖြစ်သော သင်သည် အရေးကြီးသည့် လက်တွေ့ကျသော ဆရာအတတ်ပညာဆိုင်ရာ အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ပါသည်။ လေးနှစ်တာ ပို့ချသော သင်တန်းတစ်လျှောက်တွင် ကျောင်းသားများအား ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အဆင့် တဖြည်းဖြည်း တိုးမြှင့်ပေးခြင်းနှင့်အတူ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အတွေ့အကြုံများသည် ပူးတွဲစီစဉ်ခြင်း၊ ပူးတွဲသင်ကြားခြင်းနှင့် ပူးတွဲပြန်လည် သုံးသပ်ခြင်း ဟူသော အခွင့်အလမ်းများမှ တစ်ဆင့် ကျောင်းသားများကို **ဆရာအတတ်ပညာ ဆိုင်ရာ ဝိသေသလက္ခဏာ** ရှိလာစေပါသည်။

**ပူးတွဲစီစဉ်ခြင်း**သည် သင်ရိုးညွှန်းတမ်းဆိုင်ရာ စဉ်းစားတွေးခေါ်မှုကို မြင်သာစေပြီး ရှုပ်ထွေးသော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော ဉာဏစွမ်းရည် လိုအပ်သော သင်ကြားရေးလုပ်ငန်း အကြောင်း ဦးတည်ဆွေးနွေးသည့် သင်နည်းဗေဒဆိုင်ရာ ပြောဆိုဆွေးနွေးမှုများကို အားကောင်းလာစေသည်။ ဤလက်တွေ့တန်းပြ လေ့ကျင့်ခြင်း အတွေ့အကြုံတွင် လက်တွေ့တန်းပြ လေ့ကျင့်သည့် ကျောင်းသားများသည် အတန်းဖော်များ၊ လမ်းညွှန်ဆရာဖြစ်သော သင်နှင့် တကွ ၎င်းတို့၏ (ပညာရေးဒီဂရီကောလိပ်မှ) ဆရာနှင့်အတူ ပူးတွဲစီစဉ်မှုကို အထောက်အကူ ပေးရန် ယခင်က အတွေ့အကြုံများ၊ အပိုင်း (၈) နှင့် (၉)၊ ပြီးခဲ့သော အတွေ့အကြုံများမှ သင်ယူထားသည်များနှင့် ၎င်းတို့၏ သင်ကြားရေးသဘောတရားဆိုင်ရာ အသိပညာများကို အသုံးပြုရမည် ဖြစ်သည်။ သင်ခန်းစာ ရည်ရွယ်ချက်၊ သင်ယူသူများ၏ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်မှု၊ သင်ပြမှုပုံစံ၊ သင်နည်းဗေဒနှင့် ရင်းမြစ်ရွေးချယ်မှုတို့နှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းအလိုက် ထည့်သွင်းစဉ်းစားရမည့် အချက်များကို စကားစမြည် ပြောဆိုမျှဝေ ပေးခြင်းအားဖြင့် သင်ပြမှုပုံစံ ပြင်ဆင်ရေးဆွဲရာတွင် လုပ်ဆောင်ရသည့်တာဝန်ကို တဖြည်းဖြည်း တိုးမြှင့်ပေးသည့် နည်းလမ်းဖြင့် သင်က ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုး ပေးမည်ဟု မျှော်မှန်းထားပါသည်။

**ပူးတွဲသင်ကြားခြင်း**သည် ကျောင်းသားများအား သင်ပြမှုပုံစံ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ရွေးချယ်ထားသော သင်နည်းဗေဒဆိုင်ရာနည်းလမ်းများအတိုင်း ကျင့်သုံး လုပ်ဆောင်ခြင်း၊ ၎င်းတို့၏ လမ်းညွှန်ဆရာ ဖြစ်သော သင်နှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာများ၏ တုံ့ပြန်အကြံပြုချက်များ၊ အချင်းချင်း တုံ့ပြန်အကြံပြုချက်များကို ကြည့်ရှု လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများ၊ စာသင်ခန်းအတွင်းရှိ ကျောင်းသားများ၏ အဖြေများကို ကြည့်ရှုလေ့လာခြင်းများတွင် တာဝန်ခွဲဝေလုပ်ဆောင်နိုင်စေမည့် သင်ယူသူ ကိုယ်တိုင်ဦးဆောင်သင်ယူမှုကို လုပ်ဆောင်နိုင်စေပါသည်။ သင်တို့သည် သင်ကြားခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ (အခြေခံပညာ) ကျောင်းသားများ၏ သင်ယူမှုအထောက်အထား စုဆောင်းခြင်း၊ ထိရောက်အောင်မြင်မှုရှိသော စာသင်ခန်း စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများကို **နမူနာလုပ်ပြခြင်း**၊ မျှဝေခြင်းနှင့် ၎င်းတို့၏ လေ့ကျင့်သင်ကြားမှုများကို ရှင်းလင်းဖော်ပြ ပေးခြင်းများဖြင့် ကျောင်းသားများအား အမှီအခိုကင်းစွာ သင်ကြားနိုင်ကြရန် လမ်းညွှန်ပေးကြ မည် ဖြစ်သည်။

**ပူးတွဲပြန်လည်သုံးသပ်ခြင်း**သည် လက်တွေ့တန်းပြလေ့ကျင့်ရာတွင် သင်ယူမှုကို ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်နှင့် စိတ်ဓာတ်ရေးရာ အားပေးပံ့ပိုးရန်တို့အတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ ကျောင်းသားများအနေဖြင့် (အခြေခံပညာ) ကျောင်းသားများ၏ သင်ယူမှုနှင့် ပတ်သက်၍ ၎င်းတို့၏ ပံ့ပိုးဖြည့်ဆည်းမှုများအပေါ် ကြည့်ရှုလေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို စိတ်အားတက်ကြွစွာ တာဝန်ယူရေးအတွက် ၎င်းတို့ကို အကူအညီပေးရာတွင် ဆက်စပ်သက်ဆိုင်သူများအားလုံးသည် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်မည် ဖြစ်သည်။ သင်နှင့်တကွ ၎င်းတို့၏ အတန်းဖော်များ၊ ပညာရေးဒီဂရီကောလိပ်မှ ဆရာများနှင့်အတူ ပူးတွဲပြန်လည်သုံးသပ်ခြင်းသည် သင်ရိုးညွှန်းတမ်း၊ သင်နည်းဗေဒအပြင် ကျောင်းသားများ၏ သင်ယူမှုနှင့် ပတ်သက်၍ ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ ပေါ်ပေါက်လာစေမည့် အဓိကကျသော အခွင့်အလမ်းတစ်ခုကို ဖြစ်ပေါ်စေပါသည်။

## ဆရာအတတ်ပညာဆိုင်ရာ စကားဝိုင်းများ

ဤလက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလအတွင်း ဆရာအတတ်ပညာဆိုင်ရာ စကားဝိုင်းများကို လမ်းညွှန်ရန်အတွက် အကြံပြုထားသော အညွှန်းဘောင်တစ်ခုကို ပုံ (၁.၂) တွင် ဖော်ပြထားသည်။ အဆိုပါပုံသည် ကျောင်းသားလက်စွဲစာအုပ်၊ ဆရာလက်စွဲစာအုပ်နှင့် ကျောင်းအုပ်လက်စွဲစာအုပ်တို့တွင်လည်း ပါဝင်သည်။ နောက်ဆက်တွဲ (၈) တွင် သင်နှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ နှစ်ဦးစလုံး အသုံးပြုနိုင်သော ယေဘုယျ တုံ့ပြန်အကြံပြုချက်ပုံစံလွှာကိုလည်း ဖော်ပြထားပါသည်။ ပါဝင်ပတ်သက်သူများအကြား တူညီသော အညွှန်းဘောင်နှင့် ရင်းမြစ်များ ရှိထားခြင်းသည် ကျောင်းသားအားလုံးအတွက် တစ်သမတ်တည်းဖြစ်၍ အရည်အသွေးပြည့်ဝသော လက်တွေ့တန်းပြလေ့ကျင့်ခြင်း အတွေ့အကြုံကို ရရှိစေရန် အကူအညီပေးမည် ဖြစ်သည်။




| | |
|---|---|
| **မျှော်မှန်းချက်များကို ပြန်လည်ဆန်းစစ်ခြင်း**<br>သင်၏ မျှော်မှန်းချက်များမှာ အဘယ်နည်း၊<br>သင့်ထံမှ မည်သည်တို့ကို မျှော်မှန်းနိုင်သနည်း။<br>သင်၏ သင်ယူမှု ရည်ရွယ်ချက်မှာ အဘယ်နည်း၊<br>မည်သည်က သင်၏ သင်ယူမှုရည်ရွယ်ချက်ကို<br>အသိပေးသနည်း။<br>ဤလက်တွေ့တန်းပြ လေ့ကျင့်ခြင်းအတွက်<br>သင်၏ အလေးပေးမှုမှာ အဘယ်နည်း။ | **ပူးတွဲစီစဉ်ခြင်း**<br>သင်၏ သင်ယူသူများကို သင် မည်သို့ သိရှိနိုင်မည်နည်း။<br>ကျောင်းသား၏သင်ယူမှုကို လိုအပ်ချက်အလိုက်<br>သင် မည်ကဲ့သို့ ပြောင်းလဲလုပ်ဆောင်မည်နည်း။<br>အဘယ်ကြောင့်နည်း။<br>သင်ယူမှုဆိုင်ရာ နောက်ခံအခြေအနေက သင်၏<br>စီစဉ်မှုကို မည်သို့ လွှမ်းမိုးမည်နည်း။<br>စစ်ဆေးအကဲဖြတ်ခြင်းသည် သင်၏ စီစဉ်မှုကို<br>မည်သို့ လွှမ်းမိုးသနည်း။ |
| **ပူးတွဲသင်ကြားခြင်း**<br>အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်တစ်ခုကို<br>သင် မည်သို့ ဖြစ်ပေါ်စေမည်နည်း။<br>အခြေခံပညာကျောင်းသားများ၏<br>ချိတ်ဆက်ဆောင်ရွက်မှုနှင့် စိတ်ပါဝင်စားမှုတို့ကို<br>သင် မည်သို့ ထိန်းသိမ်းမည်နည်း။<br>မြင့်မားသော အတွေးအခေါ်ကို<br>သင် မည်သို့တွေးခေါ်မည်နည်း။<br>အခြေခံပညာကျောင်းသားအားလုံးကို ကောင်းမွန်စွာ<br>တိုးတက်လာစေရန် သင် မည်သို့ ပြုလုပ်မည်နည်း။ | **ပူးတွဲပြန်လည်သုံးသပ်ခြင်း**<br>ကျောင်းသား၏ သင်ယူမှုအပေါ် သင်၏<br>အကျိုးသက်ရောက်မှုမှာ အဘယ်နည်း။<br>သင် မည်သို့ သိရှိနိုင်သနည်း။<br>သင်ယူမှုကို ပံ့ပိုးကူညီရန် တုံ့ပြန်အကြံပြုချက်ကို<br>သင် မည်သို့ စီစဉ်ပေးမည်နည်း၊ ဖော်ထုတ်မည်နည်း။<br>သင် မည်သည်ကို သင်ယူခဲ့ရသနည်း။<br>နောက်ထပ် သင် မည်သည်ကို<br>ထပ်မံ လုပ်ဆောင်မည်နည်း။ |

**ပုံ ၁.၂။ ဆရာအတတ်ပညာဆိုင်ရာ စကားဝိုင်းများကို လမ်းညွှန်ပေးမည့် အညွှန်းဘောင်**

## လျှို့ဝှက်မှုကို ထိန်းသိမ်းခြင်း

လက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလတစ်လျှောက်တွင် ကျောင်းသားများသည် အခြေခံပညာ ကျောင်းသားတစ်ဦးစီနှင့် ၎င်းတို့၏ မိသားစုများအကြောင်း သတင်း အချက်အလက်များကို ကြည့်ရှုခွင့်ရမည် ဖြစ်သည်။ ကျောင်းသားများအနေဖြင့် အခြေခံပညာ ကျောင်းသားများ၏ ထိရှလွယ်သော သတင်းအချက်အလက်များကို ဆွေးနွေးပုံ၊ ဆွေးနွေးသည့် နေရာနှင့် ထိုသတင်းအချက်အလက်များ ရေးသားပုံတို့ကို အချိန်ပြည့် သတိပြုနေရန် လိုအပ် မည် ဖြစ်သည်။ ၎င်းတို့၏ လမ်းညွှန်ဆရာဖြစ်သော သင်သည် အဆိုပါနယ်ပယ်ရှိ အလေ့အကျင့် များကို လမ်းညွှန်ပြသပေးနိုင်သည်။ ထိုကဲ့သို့သော သတင်းအချက်အလက်များအား ဆရာ အတတ်ပညာဆိုင်ရာ လုပ်ငန်းများကို ကျင့်သုံးဆောင်ရွက်သည့် အခြေအနေမှလွဲ၍ ဆွေးနွေးရန် မသင့်လျော်ကြောင်း သတိပေးပါ။ ဥပမာအားဖြင့် ၎င်းတို့၏ ထိရှလွယ်သော သတင်း အချက်အလက်များကို (လက်တွေ့တန်းပြ လေ့ကျင့်မှုနှင့် အထူးတလည် ဆက်နွယ်နေခြင်း မရှိပါက) မိသားစုဝင်များ (သို့မဟုတ်) မိတ်ဆွေများ၊ အတန်းဖော်များ၊ လမ်းညွှန်ဆရာများ (သို့မဟုတ်) (ပညာရေးဒီဂရီကောလိပ်မှ)ဆရာများနှင့် မျှဝေခြင်း မပြုသင့်ပါ။ ၎င်းတို့၏ ကိုယ်တိုင်လုပ်ဆောင်သော သုတေသနစာတမ်းငယ် အစီအစဉ် (သို့မဟုတ်) စစ်ဆေး အကဲဖြတ်မှုဆိုင်ရာ အချက်အလက်များ၊ မေးခွန်းများနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်တိုင်းကို **လျှို့ဝှက်ထိန်းသိမ်းထားသင့်ပါသည်**။

## ကျောင်းသားများအား ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်မှု ကာလတွင် ပံ့ပိုးကူညီနိုင်မည့် လက်တွေ့ကျသော အကြံပြုချက်များ

၁။ မိမိကိုယ်မိမိ ကျောင်းသားလက်စွဲစာအုပ်နှင့် အကျွမ်းတဝင်ဖြစ်အောင် ပြုလုပ် ထားပါ။ ကျောင်းသားများအတွက် လက်တွေ့ကျသော အကြံပေးချက်များတွင် နောက်ခံအခြေအနေအလိုက် သင် ဖြည့်စွက်လိုသည်များ (သို့မဟုတ်) ချိန်ညှိလို သည်များ ရှိနိုင်ပါသည်။

၂။ မျှော်မှန်းချက်များကို မျှဝေသဘောပေါက်နားလည်နိုင်စေရန်နှင့် ကျောင်းသားများ လိုအပ်သည့် အဓိက စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကို

လက်လှမ်းမီစေရန် ပထမပတ်တွင် အစည်းအဝေးတစ်ခုကို ဆောလျင်စွာ စီစဉ်ခြင်းဖြင့် ကျောင်းသားများကို ကူညီပါ။

၃။ ကျောင်းသားများကို သင် မည်သို့ ပံ့ပိုးကူညီမည်၊ သင်ခန်းစာများကို မည်သို့ကြည့်ရှု လေ့လာမည်၊ တုံ့ပြန်အကြံပြုချက်များ မည်သို့ပေးမည် စသည်တို့ပါဝင်သည့် အချိန်ဇယားတစ်ခုဆွဲပြီး မျှဝေပေးပါ။ သင့်တွင် ကျောင်းသားများ၏ အချိန်ဇယား မိတ္တူများရှိနေရမည်ဖြစ်ပြီး လက်တွေ့တန်းပြ လေ့ကျင့်ခြင်း၏ အနိမ့်ဆုံး လိုအပ်ချက်များကို ကျောင်းသားများ ပြည့်မီစေရန် အဆိုပါစာရွက်စာတမ်းများကို ပြန်လည်ဆန်းစစ်ပါ။

၄။ ကျောင်းသားများသည် သင့်ထံမှ ပြန်လည်ဆန်းစစ်ချက်နှင့် တုံ့ပြန်အကြံပြုချက်များ ရရှိနိုင်ရန်အတွက် ၎င်းတို့၏ သင်ပြမှုပုံစံ မှတ်တမ်းကို တင်ပြရန် အနည်းဆုံး (၄၈) နာရီ ကြိုတင်၍ ပြင်ဆင်ရမည် ဖြစ်သည်။ ကျောင်းသားများ ၎င်းတို့၏ သင်ကြားမှုကို မစတင်မီ သင်ပြမှုပုံစံများကို ပြင်ဆင်နိုင်ရန်နှင့် သင်၏ အကြံပြုချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျောင်းသားများအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်အကြံပြုချက်ပေးပါ။

၅။ ကျောင်းသားများသည် ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆွေးနွေးပုံ နမူနာများကို စုဆောင်းရမည်ဖြစ်သည်။ လမ်းညွှန်ဆရာတစ်ဦးအနေနှင့် သင့်တွင် ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆွေးနွေးပုံများကို နမူနာလုပ်ပြရန် အခွင့်အလမ်းများစွာ ရှိပြီး ပါဝင်ပတ်သက်သူ အမျိုးမျိုးနှင့် ဆက်သွယ်ပြောဆိုပုံ အမျိုးမျိုးကို ကျောင်းသားများ စဉ်းစားနိုင်ရန် ကူညီပေးနိုင်ပါသည်။ ကျောင်းသားများ၏ အပြုအမူအနေအထိုင်သည် နောက်ဆက်တွဲ (၁) တွင် ပါဝင်သော မြန်မာ့ပညာရေး၏ ကျင့်ဝတ်ငါးသွယ်နှင့် ၎င်းတို့၏ ဆက်စပ်တာဝန်ဝတ္တရားများ၏ လမ်းညွှန်ချက်အတိုင်း ဖြစ်ရမည်။ "လက်တွေ့ဘဝ" ဆက်သွယ်ပြောဆိုမှု မလုပ်ဆောင်မီ ကျောင်းသားများ ကျွမ်းကျင်မှုများနှင့် ယုံကြည်မှုရှိလာစေရန် ဆက်သွယ်ပြောဆိုမှုဆိုင်ရာ စိတ်မှန်းဖြစ်ရပ်အမျိုးမျိုးအား ၎င်းတို့နှင့်အတူ သရုပ်ဆောင်သင်ကြားသင်ယူခြင်းကို ထည့်သွင်းစဉ်းစားပါ။

၆။ လက်တွေ့တန်းပြလေ့ကျင့်ရာတွင် သင်ပြန်လည်သုံးသပ်သည့်ပုံစံ၊ ပြန်လည်သုံးသပ်ရသည့်အကြောင်းရင်းနှင့်ရလဒ်အဖြစ်သင်အနေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သော ပြောင်းလဲခဲ့သည့် လုပ်ငန်းများအကြောင်း ပြည့်စုံရှင်းလင်းစွာ ဖော်ပြပြီး သင်၏ကိုယ်ပိုင်အလေ့အကျင့်အား ပြန်လည်သုံးသပ်သည့် အလေ့အကျင့်ကို နမူနာလုပ်ပြရန် အခွင့်အလမ်းကောင်း ရှိပါသည်။

# ကျောင်းသားများ၏ လုပ်ငန်းအချိန်ဇယား

ပထမပတ် – ကြည့်ရှုလေ့လာခြင်း

ဒုတိယပတ်မှ ပဉ္စမပတ်အထိ – သင်ကြားသူကိုယ်တိုင် ဦးဆောင်သင်ကြားခြင်းနှင့် ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်

ဆဌမပတ် – ပြန်လည်သုံးသပ်ခြင်း

## ပူးပေါင်း အစီအစဉ်ရေးဆွဲခြင်းနှင့် သင်ကြားခြင်း

ဖြစ်နိုင်ပါက ပူးပေါင်းစီစဉ်ပြီး သင်ကြားရန် (သင်ခန်းစာများကို ကူညီပို့ချရန်နှင့် သင်ကြားရေးကို ပံ့ပိုးကူညီရန်အတွက် လမ်းညွှန်ဆရာနှင့်အတူ ဆောင်ရွက်ရန်) ကျောင်းသားများကို အားပေးတိုက်တွန်းပါ။ လက်တွေ့တန်းပြ လေ့ကျင့်ခြင်းအပိုင်း (၁၀) ၏ ရလဒ်များကို ပြည့်မီစေရန် အသုံးပြုရမည့် နည်းလမ်းများကို အစီအစဉ်ဆွဲရန်အတွက် ငါးပတ်ကြာမြင့်မည့် ယခုအပိုင်း စတင်ကတည်းကပင် ကျောင်းသားများသည် (ဖြစ်နိုင်ပါက) အတန်းဖော်တစ်ဦး၊ လမ်းညွှန်ဆရာတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်သင့်ပါသည်။

# ကြည့်ရှုလေ့လာခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း

ကြည့်ရှုလေ့လာခြင်းနှင့် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို လမ်းညွှန်ဆရာဖြစ်သော သင်နှင့်အတူ ၎င်းတို့၏ (ပညာရေးဒီဂရီကောလိပ်မှ) ဆရာက ဆောင်ရွက်ရမည် ဖြစ်သည်။ လက်တွေ့တန်းပြလေ့ကျင့်သည့် ကာလတစ်လျှောက်တွင် ကြည့်ရှုလေ့လာခြင်းနှင့် ဆွေးနွေးခြင်းအားဖြင့် ကျောင်းသားများအား တိုက်ရိုက် သင်ယူစဉ်တုံ့ပြန်အကြံပြုချက်များ ပုံမှန် ပေးသွားမည် ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ်မှ ဆရာများအသုံးပြုသော နောက်ဆက်တွဲ (၈) ကိုပင် အသုံးပြုပြီး စာဖြင့်ရေးသားထားသော တုံ့ပြန်အကြံပြုချက် ပေးရမည် ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ပညာရေးဒီဂရီကောလိပ်၏ နောက်ဆုံးနှစ်သို့ တက်ရောက်ရာတွင် ကျောင်းသားများ တိုးတက်လာစေမည့် အကြံဉာဏ်များကို ပေးမည် ဖြစ်သည်။

**ကျောင်းသားများသည် တတိယနှစ်အတွက် သတ်မှတ်ချက်များ ပြည့်မီရန် လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကာလတွင် ကျောင်းခေါ်ကြိမ် ၈၀ % ပြည့်မီရမည်ဖြစ်ပြီး ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်ခြင်းဆိုင်ရာ သင်ယူမှုအထောက်အထားမှတ်တမ်းကို တင်သွင်း ရမည်ဖြစ်ကြောင်း သတိရပါ။**

# ပထမပတ်လုပ်ငန်းများ – ကြည့်ရှုလေ့လာခြင်းနှင့် ဆန်းစစ်လေ့လာခြင်း

## (အခြေခံပညာ) ကျောင်းအခြေပြု သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း

ပထမပတ်တွင် ကျောင်းသားများသည် ကျောင်း၏ နောက်ခံအခြေအနေများကို ကြည့်ရှုလေ့လာ၊ ဆန်းစစ်ကြသည်။ ကျောင်းသားများသည် အခြေအနေ ဆန်းစစ်လေ့လာခြင်း၊ (ဆရာနှင့် (အခြေခံပညာ) ကျောင်းသားကို ကြည့်ရှုလေ့လာခြင်း၊ အတတ်ပညာဆိုင်ရာ ဆက်သွယ်ပြောဆိုမှုကို ကြည့်ရှုလေ့လာခြင်း အပါအဝင် လုပ်ငန်းအများအပြားကို ပြီးမြောက်အောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ကျောင်းသားများကို ၎င်းတို့၏ လက်စွဲစာအုပ်များထဲတွင် ဖြည့်သွင်းလုပ်ဆောင်ရမည့် ပုံစံလွှာများနှင့် လုပ်ငန်းများ ပေးထားပါသည်။ အဆိုပါပုံစံလွှာများကို ဤလက်စွဲစာအုပ်တွင် နောက်ဆက်တွဲများအဖြစ်လည်း ထည့်သွင်းပေးထားသည်။ ထိုလုပ်ငန်းများသည် လက်တွေ့တန်းပြလေ့ကျင့်နေစဉ်အတွင်း (လက်တွေ့တန်းပြလေ့ကျင့်သည့်) ကျောင်းသားများ၏ သင်ယူမှုကို စောင့်ကြည့်လေ့လာ၍ ပြန်လည်ဆန်းစစ်ရန် သင့်အား အခွင့်အလမ်းကောင်းတစ်ခု ပေးပါသည်။ အဆိုပါလုပ်ငန်းများသည် လက်တွေ့တန်းပြလေ့ကျင့်နေစဉ် ကာလအတွင်း သင့်အနေဖြင့် ကျောင်းသားများ၏ သင်ယူမှုကို ကြည့်ရှုလေ့လာပြီး ပြန်လည်ဆန်းစစ်နိုင်စေမည့် အခွင့်အလမ်းကောင်း ဖြစ်ပါသည်။

## ဆရာနှင့် အခြေခံပညာကျောင်းသားကို ကြည့်ရှုလေ့လာခြင်း

ကျောင်းသားများသည် ၎င်းတို့၏ လက်စွဲစာအုပ်ရှိ (နောက်ဆက်တွဲ – ၃၊ ၄၊ ၅) တို့တွင် ထည့်သွင်းဖော်ပြထားသော) ပုံစံလွှာများကို အသုံးပြုပြီး ၎င်းတို့၏ ဆရာနှင့် အခြေခံပညာ

ကျောင်းသားကို ကြည့်ရှုလေ့လာရမည်ဖြစ်သည်။ လက်တွေ့တန်းပြ လေ့ကျင့်သည့် ကျောင်းသားများအနေဖြင့် အတတ်ပညာဆိုင်ရာ ဆက်သွယ်ပြောဆိုမှု ဥပမာများကို ကြည့်ရှုလေ့လာ မှတ်သားကြရန် မျှော်မှန်းထားပါသည် (နောက်ဆက်တွဲ – ဖ တွင် ကြည့်ရှုပါ)။

## ဒုတိယပတ်မှ ပဉ္စမပတ်အထိ – သင်ကြားသူကိုယ်တိုင် ဦးဆောင်သင်ကြားခြင်း

လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေး သင်ရိုးညွှန်းတမ်းအရ နှစ်တစ်နှစ်စီတွင် သင်ခန်းစာများကို ပြင်ဆင်ပုံနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်မှု၊ တတ်ကျွမ်းမှုနှင့် ခေတ်မီစွာ ပြင်ဆင်မှု အဆင့်များ တိုးမြင့်လာကြောင်း ပြသရန် ကျောင်းသားများအား မျှော်မှန်းထားသည်။ သို့သော်လည်း တတိယနှစ် လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အတွေ့အကြုံများအတွင်း ကျောင်းသားများအနေဖြင့် ပံ့ပိုးကူညီမှုများ လိုအပ်နေဦးမည် ဖြစ်သောကြောင့် စာသင်ခန်းများကို ဦးစီးရန် ကြီးကြပ်မှုမရှိဘဲ လွှတ်မထားသင့်ကြောင်း (သို့မဟုတ်) တစ်ဦးတည်း လွှတ်မထားသင့်ကြောင်း ကျောင်းနှင့် ဝန်ထမ်းများအား သတိပေး ထားပါသည်။ ကျောင်းများကို ထိုသို့ပြုလုပ်ရန် အကြံပြုထားခြင်း မရှိသော်လည်း ထိုသို့ ဖြစ်လာနိုင်သော အခြေအနေအတွက် ကျောင်းသားများကို ကြိုတင်ပြင်ဆင်ပေးခြင်းက အကျိုးရှိနိုင်ပါသည်။

# သင်ခန်းစာ စီစဉ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း

ဤလက်တွေ့တန်းပြလေ့ကျင့်ခြင်း၏ အနိမ့်ဆုံးလိုအပ်ချက်မှာ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံနှင့် အခြားဘာသာရပ်နယ်ပယ် တစ်ခုခုမှ ဘာသာရပ်နယ်ပယ် တစ်ခုစီအတွက် သင်ခန်းစာ နှစ်ခုကို ကျောင်းသားများက ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် သင်ကြားရန် ဖြစ်ပါသည်။ ကျောင်းသား များအနေဖြင့် ထိုထက်ပို၍ သင်ခန်းစာများကို သင်ကြားရနိုင်သော်လည်း ရည်ရွယ်ချက်မှာ ၎င်းတို့တွင် –

- သင်ကြားမှုမတိုင်မီ စီစဉ်ချိန် ရစေရန်နှင့် ၎င်းတို့၏ ပညာရေးဒီဂရီကောလိပ်မှ ဆရာနှင့် လမ်းညွှန်ဆရာများထံမှ အကြံဉာဏ်ရယူချိန် ရစေရန်
- ၎င်းတို့၏ လမ်းညွှန်ဆရာ(များ)ထံမှ တုံ့ပြန်အကြံပြုချက်ကို လက်ခံပြီး ပြန်လည် သုံးသပ်ချိန် ရှိစေရန်နှင့် နောက်လာမည့် သင်ခန်းစာ မသင်ကြားမီ ၎င်းတို့၏ သင်ကြားမှုကို လိုက်လျောညီထွေစွာ ပြောင်းလဲချိန် ရှိစေရန် ဖြစ်သည်။

ကျောင်းသားများ၏ သင်ပြမှုပုံစံကို အသင့်အတင့်လုံလောက်စွာ အသေးစိတ် စီစဉ်ရေးဆွဲ သင့်ပါသည်။ သင်ပြမှုပုံစံသည် သင်ခန်းစာတစ်ခုကို သင်ကြားရန်အတွက် ကျောင်းသားများ စီစဉ်ထားသည်များနှင့် စီစဉ်ထားပုံတို့ကို ရှင်းလင်းစွာ သိမြင်စေပြီး ထိုသင်ပြမှုပုံစံက သင်နှင့် ၎င်းတို့၏ (ပညာရေးဒီဂရီကောလိပ်မှ) ဆရာတို့အတွက် လမ်းညွှန်တစ်ခုသဖွယ်၊ ကိုးကားချက်တစ်ခုသဖွယ် ဖြစ်သင့်ပါသည်။

ကျောင်းသားများသည် ဒုတိယပတ်တွင် သင်ခန်းစာတစ်ခု၊ တတိယပတ်တွင် သင်ခန်းစာ နှစ်ခု၊ စတုတ္ထပတ်တွင် သင်ခန်းစာသုံးခုနှင့် ပဉ္စမပတ်တွင် သင်ခန်းစာလေးခုတို့ကို အသေးစိတ် စီစဉ်ပြီး သင်ကြားသင့်ပါသည်။ ဆဋ္ဌမပတ်တွင် ကျောင်းသားများသည် ၎င်းတို့၏ လက်တွေ့တန်းပြလေ့ကျင့်ခြင်းနှင့် ၎င်းတို့ကိုယ်တိုင်လုပ်ဆောင်သော သုတေသန စာတမ်းငယ် စီမံချက်တို့ကို ပြန်လည်သုံးသပ်ခွင့်ရရှိမည် ဖြစ်သည်။

အဆိုပါ အသေးစိတ်စီစဉ်ထားသော သင်ခန်းစာ (၁၀) ခုသည် ကျောင်းသားများက တုံ့ပြန်အကြံပြုချက် လက်ခံရယူရန်အတွက် သင်နှင့် ၎င်းတို့၏ (ပညာရေးဒီဂရီကောလိပ်မှ) ဆရာတို့ထံ (သင်ခန်းစာ မစတင်မီ ၄၈ နာရီ ကြိုတင်၍) တင်သွင်းရမည့် သင်ခန်းစာများ ဖြစ်သည်။ လက်တွေ့သင်ကြားရာတွင် အထောက်အကူဖြစ်စေမည့် လမ်းညွှန် ဖြစ်လာစေရန် အတွက် သင်ခန်းစာများကို အသေးစိတ်ကျစွာ စီစဉ်ရမည်။ အသေးစိတ် စီစဉ်ထားသော သင်ပြမှုပုံစံများအား ကျောင်းသားများ၏ သင်ယူမှုကို ပြန်လည်သုံးသပ်ရာတွင် ပြည့်စုံအောင် ဖြည့်စွက်ရန် အသုံးပြုရမည့် ၎င်းတို့၏ ဆရာအတတ်ပညာဆိုင်ရာ သင်ယူမှု အထောက်အထား မှတ်တမ်းတွင်လည်း ထည့်သွင်းရမည် ဖြစ်သည်။

## သင်ခန်းစာများကို သင်ကြားခြင်းနှင့် တုံ့ပြန်အကြံပြုချက်များ လက်ခံရယူခြင်း

တတိယနှစ်တွင် ကျောင်းသားများသည် သင်ခန်းစာများ သင်ကြားရန် ပံ့ပိုးကူညီမှု လိုအပ်မည် ဖြစ်သည်။ ၎င်းတို့၏ အရည်အချင်းများ တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေစဉ်တွင် ၎င်းတို့သည် စဉ်ဆက်မပြတ် လမ်းညွှန်ခြင်း၊ ကြည့်ရှုလေ့လာခြင်းနှင့် တုံ့ပြန်အကြံပြုချက်တို့ကို လိုအပ်ပါမည် ဖြစ်သည်။ ဖြစ်နိုင်သည့် အခါတိုင်းတွင် ကျောင်းသားများကို တိုက်တွန်းအားပေးပြီး လိုအပ်သလို တုံ့ပြန်အကြံပြုချက်ပေးပါ။ လက်ရှိသင်ယူမှုအဆင့်တွင် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များဖြင့် ကျောင်းသားများကို ပံ့ပိုးကူညီရန် အရေးကြီးသည်။ တုံ့ပြန်အကြံပြုချက်များ ပုံမှန်လက်ခံရယူပြီး အဆိုပါအကြံပြုချက်များကို ၎င်းတို့၏ သင်ကြားရေး အလေ့အကျင့်အား ပြန်လည်သုံးသပ်ရာတွင် အသုံးပြုရန် ကျောင်းသားများကိုလည်း ညွှန်ကြားထားပါသည်။

## (အခြေခံပညာ) ကျောင်းသား၏ သင်ယူမှုအထောက်အထားများကို စုဆောင်းခြင်း

လက်တွေ့တန်းပြလေ့ကျင့်သည့် ကျောင်းသားများကို (အခြေခံပညာ) ကျောင်းသားများ၏ သင်ယူမှုအထောက်အထား ရင်းမြစ်အမျိုးမျိုးကို စုဆောင်းရန် ညွှန်ကြားထားသည်။ ဖြစ်နိုင်ပါက ကျောင်းသားများ လက်တွေ့တန်းပြလေ့ကျင့်ခြင်း မစတင်မီ ကျောင်းတွင် မည်သည့်ဒေတာ အချက်အလက်ရင်းမြစ်များ ရယူအသုံးပြုနိုင်ကြောင်း ၎င်းတို့ကို ပြောပြပါ။ ရင်းမြစ်များတွင် စာသင်ခန်းဆိုင်ရာ လုပ်ငန်းတာဝန်များ၊ စစ်ဆေးမှုရလဒ်များ (သို့မဟုတ်) ကျောင်းသားနှင့် စပ်လျဉ်းသည့် အခြား အချက်အလက်များ ပါဝင်နိုင်သည်။ အဆိုပါ အချက်အလက်အားလုံး သည် (အခြေခံပညာ) ကျောင်းသားများ သင်ယူပုံနှင့် သင်ယူသည့် အကြောင်းအရာတို့ အတွက် အသုံးဝင်သည့် ထိုးထွင်းသိမြင်မှုများကို ပံ့ပိုးပေးပါသည်။

## ပြန်လည်သုံးသပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်း

လက်တွေ့တန်းပြလေ့ကျင့်ခြင်းကာလသည် သင်ကြားမှုကို လေ့ကျင့်ရန်၊ အတွေ့အကြုံရင့်သူများ အပါအဝင် အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ၎င်းတို့ထံမှ သင်ယူရန် ကျောင်းသား များအတွက် အခွင့်အရေးတစ်ရပ် ဖြစ်သည်ကို မမေ့ပါနှင့်။ ကျောင်းသားများအနေနှင့် သင်ယူ ခဲ့ရသည်များကို အခြားသူများအား ပြန်လည်ပြောပြနိုင်ရန်အတွက် ရနိုင်သမျှ အခွင့်အလမ်းတိုင်းကို အသုံးပြုရန်နှင့် ၎င်းတို့ အသုံးပြုလိုက်သည့် နည်းလမ်းများနှင့် ကောင်းမွန်စွာ အလုပ်ဖြစ်ခဲ့သော နည်းလမ်းများနှင့် လုပ်ဆောင်ချက်များအကြောင်း ဆွေးနွေးမှုသို့ အခြားသူများကို ဖိတ်ခေါ်ရန် အကြံပြုထားသည်။

## (အခြေခံပညာ) ကျောင်းသား သင်ယူမှုကို အဟန့်အတား ဖြစ်စေသည့် အတားအဆီးများကို ကြည့်ရှုလေ့လာခြင်း၊ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း

ကျောင်းသားများအနေဖြင့် ဘာသာစကား၊ ယဉ်ကျေးမှု၊ လူမှုစိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) သိမှုဆိုင်ရာ စွမ်းရည်တို့အပေါ် အခြေပြုနိုင်သည့် အတားအဆီးများ အပါအဝင် ကျောင်းသား၏ သင်ယူမှုအတွက် အတားအဆီးအမျိုးမျိုးအကြောင်း သင်ယူခဲ့ရပြီး ဖြစ်သည်။ လိုအပ်ချက်အမျိုးမျိုးရှိသော အခြေခံပညာကျောင်းသားများအပေါ် ထားရှိသော သဘောထားများနှင့် ၎င်းတို့နှင့် ပတ်သက်သော အသိပညာများသည် နောက်ခံအခြေအနေများပေါ် မူတည်၍ အမျိုးမျိုး ဖြစ်နေနိုင်ကြောင်းနှင့် လူတိုင်းအကျုံးဝင်မှုဆိုင်ရာ လိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်းသည် အခြေခံပညာကျောင်းဆရာ အများအပြားအတွက် အယူအဆသစ်တစ်ခု ဖြစ်နေနိုင်ကြောင်း ကျောင်းသားများကို သတိပေးထားပါသည်။

ကျောင်းသားများ၏ လမ်းညွှန်ဆရာသည် သင်ယူမှုဆိုင်ရာ အတားအဆီးများကို သတ်မှတ်ဖော်ထုတ်ပြီး တုံ့ပြန်ဖြေရှင်းရန် ကြိုးစားပေးပါကလည်း လူတိုင်းအကျုံးဝင်မှု၏ အရေးပါပုံကို လက်တွေ့တန်းပြလေ့ကျင့်သည့် ကျောင်းသားများ သိရှိလာစေရန် အကူအညီ ဖြစ်စေမည် ဖြစ်သည်။ ထိုအကြောင်းရင်းကြောင့် ကျောင်းအုပ်လက်စွဲစာအုပ်၌ ကျောင်းသားများ လက်တွေ့တန်းပြ လေ့ကျင့်ခြင်းကာလ မစတင်မီ ကြီးကြပ်မည့် ဆရာများကို လူတိုင်းအကျုံးဝင်မှုနှင့် ဆက်နွှယ်သော သက်ဆိုင်ရာ မူဝါဒများ (သို့မဟုတ်) အလေ့အထများနှင့် အကျွမ်းတဝင်ရှိနေကြစေရန် အတွက် ပြင်ဆင်ပေးရန် စာသင်ကျောင်းကို ညွှန်ကြားထားပါသည်။

# ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် (ဒုတိယပတ်မှ စတုတ္ထပတ်အထိ)

လက်တွေ့တန်းပြလေ့ကျင့်ခြင်း အပိုင်း(၁၀)တွင် ကျောင်းသားများသည် ၎င်းတို့၏ မိတ်ဖက်ကျောင်း/ လေ့ကျင့်ရေးကျောင်း၌ ဒုတိယပတ်မှ စတုတ္ထပတ်အတွင်း ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် စီမံချက်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ အဆိုပါ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၎င်းတို့၏ လမ်းညွှန်ဆရာနှင့်အတူ လုပ်ဆောင်ရန် ကျောင်းသားများကို အကြံပြုထားပြီး ဖြစ်သည်။

ကျောင်းသားများ၏ ကိုယ်ပိုင်လက်စွဲစာအုပ်များတွင် ၎င်းတို့၏ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကူအညီဖြစ်စေမည့် လုပ်ငန်းအများအပြား ပါရှိပါသည်။ စီမံချက်သည် လက်တွေ့ကျပြီး၊ အောင်မြင်အောင် လုပ်ဆောင်နိုင်ကာ လက်တွေ့တန်းပြလေ့ကျင့်သည့် ကျောင်းသားများအား ၎င်းတို့၏ သင်ကြားရေးအလေ့အကျင့်ကို မြှင့်မံနိုင်ရေး ရည်မှန်းချက်ဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ (အခြေခံပညာ) ကျောင်းသားများအကြောင်း ပိုမို သိရှိနားလည်နိုင်စေရန် ပံ့ပိုးပေးခြင်းကို အလေးပေးသည့် စီမံချက်ဖြစ်သင့်ပါသည်။

# လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) ကို ပြန်လည်သုံးသပ်ခြင်း (ဆဌမပတ်)

လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အပိုင်း (၁၀) ပြီးဆုံးသည့်အခါ နောက်ဆုံးအပတ်ကို ပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်ရမည်ဖြစ်ပြီး ကျောင်းသားများသည် ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်ခြင်း အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခွင့်ရရှိပြီး အဆိုပါ သုံးသပ်ချက်များကို ၎င်းတို့၏ အတန်းဖော်များအား မျှဝေခွင့် ရရှိမည် ဖြစ်သည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)။ ပညာရေး၏ ကျင့်ဝတ်ငါးသွယ်နှင့် ၎င်းတို့၏ ဆက်စပ်တာဝန်ဝတ္တရားများ

| ကျင့်ဝတ် | တာဝန်ဝတ္တရားများ |
|---|---|
| **ဆရာနှင့် ကျောင်းသားများ** | **ပထမကျင့်ဝတ်၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရာတွင် ဆရာသည် –**<br>• ကျောင်းသားများအား ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်ခံစားမှု၊ လူမျိုးရေး၊ စီးပွားရေး၊ လူမှုရေး (သို့မဟုတ်) ဘာသာရေးဆိုင်ရာ ပင်ကိုလက္ခဏာများကို ထည့်သွင်းမစဉ်းစားဘဲ မျှမျှတတနှင့် ဘက်မလိုက်တမ်း ဆက်ဆံမည်။<br>• ကျောင်းသားများအား ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏဆိုင်ရာ၊ ဆန်းသစ်တီထွင်နိုင်သော၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ဖွံ့ဖြိုးတိုးတက်လာစေရေး မြင့်မားသော ရည်မှန်းချက်များထားရှိရန် အားပေးရမည်။<br>• ကျောင်းသားများအား ကျွန်ုပ်တို့၏ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်၏ အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများ သာမက ၎င်းတို့၏ တာဝန်ဝတ္တရားကိုပါ နားလည်သဘောပေါက်ရန်နှင့် တန်ဖိုးထားတတ်ရန် ကူညီမည်။<br>• အစိုးရမူဝါဒများ နှင့်အညီ လက်ခံသည်ကလွဲ၍ စာသင်ကြားပေးခြင်းအတွက် အခကြေးငွေ လက်ခံမည်မဟုတ်ပါ။ |

| ကျင့်ဝတ် | တာဝန်ဝတ္တရားများ |
|---|---|
| **ဆရာနှင့် မိဘများ/အိမ်** | **ဒုတိယကျင့်ဝတ်၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရာတွင် ဆရာသည် -**<br>• သားသမီးများအတွက် မိဘများ၏ အခြေခံတာဝန်များကို လေးစားမည်။<br>• အိမ်နှင့် ရင်းနှီးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သော ဆက်ဆံရေးများ တည်ဆောက်ရန် ကြိုးပမ်းမည်။<br>• ကျောင်းသားများအား ၎င်းတို့၏ အိမ်တွင် ယုံကြည်မှုတိုးလာစေရန် ကူညီပြီး ထိုယုံကြည်မှုကို လျော့ပါးစေနိုင်သည့် ချိုးနှိမ်သော မှတ်ချက်များကို ရှောင်ရှားမည်။<br>• မိဘများအား ၎င်းတို့သားသမီးများ၏ အကျိုးဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များ ပေးပြီး ယင်းအချက်အလက်များကို မိဘများထံမှ ရရှိသော သတင်းအချက်အလက်များနှင့် ခွဲခြားထားမည်။<br>• မိဘများအား ကျောင်း၏ ရည်ရွယ်ချက်များအနေဖြင့် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ၎င်းတို့သားသမီးများ၏ တိုးတက်မှုအကြောင်း အသိပေးမည်။ |
| **ဆရာနှင့် ရပ်ရွာလူ့အဖွဲ့အစည်း** | **တတိယကျင့်ဝတ်၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရာတွင် ဆရာသည် -**<br>• ဆရာတစ်ဦးအတွက် ရပ်ရွာလူ့အဖွဲ့အစည်းက လက်ခံထားသည့် သင့်လျော်သော အပြုအမူပုံစံများကို စောင့်ထိန်းမည်။<br>• နိုင်ငံသားတာဝန်များကို ထမ်းဆောင်ပြီး ရပ်ရွာလုပ်ငန်းများတွင် ပါဝင်မည်။<br>• အငြင်းပွားဖွယ် ကိစ္စရပ်များကို ဓမ္မဓိဋ္ဌာန်ကျသော အမြင်ဖြင့် ဆွေးနွေးမည်။<br>• ကျောင်းသည် လူတိုင်းနှင့် သက်ဆိုင်ကြောင်း အသိအမှတ်ပြုမည်။ ကျောင်း၏ အရေးကိစ္စရပ်များတွင် ပါဝင်မှုကို အားပေးမည်။ ထို့ပြင် ကျောင်းမှ ပံ့ပိုးပေးသည့် ပညာရေးအစီအစဉ်များနှင့်ပတ်သက်ပြီး အများပြည်သူအား အသိပေးရန် ကြိုးပမ်းမည်။<br>• မိမိတို့ တာဝန်ထမ်းဆောင်သည့် ရပ်ရွာလူ့အဖွဲ့အစည်းကို လေးစားပြီး ကျောင်း၊ ရပ်ရွာလူ့အဖွဲ့အစည်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အပေါ် သစ္စာရှိမည်။<br>• ရပ်ရွာလူ့အဖွဲ့အစည်းအတွင်း ပညာရေးတိုးတက်စေရန်နှင့် ရပ်ရွာလူ့အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်တရား၊ စိတ်ဓာတ်နှင့် အသိဉာဏ်ပညာကို ခိုင်မာအားကောင်းလာရန် လုပ်ဆောင်မည်။ |

| ကျင့်ဝတ် | တာဝန်ဝတ္တရားများ |
|---|---|
| ဆရာနှင့် အလုပ်အကိုင်နယ်ပယ်ရှိ အဆင့်မြင့် အာဏာပိုင်များ | **စတုတ္ထကျင့်ဝတ်၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရာတွင် ဆရာသည် –**<br>• ဆရာအတတ်ပညာလုပ်ငန်းကို မှန်ကန်သော လမ်းကြောင်းများအတိုင်း ဆောင်ရွက်မည်။<br>• လျှို့ဝှက်ထားရမည့် ရုံးပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို တရားဝင် ခွင့်ပြုထားခြင်းမရှိသော ပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်းမှ ရှောင်ကြဉ်မည်။<br>• တတ်ကျွမ်းမှုအပေါ်တွင်သာ အခြေခံ၍ အလုပ်အကိုင်လျှောက်ထားမည်။<br>• ပညာရှင်ပီသသည့် နည်းလမ်းဖြင့် အလုပ်အကိုင်ရှာဖွေမည်။<br>• ပညာရှင်မပီသသည့် လုပ်ရပ်ဖြင့် ဖန်တီးထားသည့် လစ်လပ်ရာထူးနေရာကို လက်ခံရန် ငြင်းဆိုမည်။<br>• ရာထူးအပြောင်းအလဲတစ်ခု မပြုလုပ်မီ အချိန်မီသတိပေးရမည်၊ သတိပေးချက်ရရှိရန် မျှော်လင့်ထားမည်။<br>• အခြားဆရာများ၏ အလုပ်နှင့်ပတ်သက်ပြီး ထောက်ခံချက်များပေးရာတွင် မျှတမှုရှိမည်။<br>• ၎င်းတို့၏ အဓိကတာဝန်မှအပ ၎င်းတို့၏ ဆရာအတတ်ပညာရှင် အဆင့်အတန်းကို ထိခိုက်စေသည့် (သို့မဟုတ်) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ရပ်ရွာလူ့အဖွဲ့အစည်းကြား မိမိတို့၏ အဆင့်အတန်းကို ထိခိုက်စေသည့် မည်သည့် အလုပ်အကိုင်တွင်မဆို ပါဝင်လုပ်ကိုင်မည်မဟုတ်ပါ။ |
| ဆရာနှင့် အခြားဆရာများ | **ပဉ္စမကျင့်ဝတ်၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရာတွင် ဆရာသည် –**<br>• မိမိကို ဆက်ဆံစေလိုသည့်အတိုင်း အခြားလုပ်ဖော်ကိုင်ဖက်များကို ဆက်ဆံသည်။<br>• မိမိကိုယ်စားနှင့် မိမိတို့၏ တောင်းဆိုမှုဖြင့် ပြုလုပ်ဆောင်ရွက်ပေးဖူးသည့် အခြားဆရာများကို ကူညီရိုင်းပင်းမည်။<br>• အခြားဆရာများအကြောင်း အပြုသဘောဖြင့် ပြောဆိုမည်။ သို့သော် ကျောင်းသားများ၏ လူမှုဖူလုံရေးကိစ္စများ၊ ပညာရေးစနစ်နှင့် ဆရာအတတ်ပညာလုပ်ငန်းတို့အတွက် တာဝန်ရှိသူများထံ ရိုးသားစွာ တင်ပြမည်။<br>• လေ့လာခြင်း၊ သုတေသနပြုခြင်း၊ ခရီးသွားခြင်း၊ ညီလာခံများနှင့် ဆရာအတတ်ပညာဆိုင်ရာ အစည်းအဝေးများ တက်ရောက်ခြင်းစသည့် နည်းလမ်းများဖြင့် ဆရာအတတ်ပညာကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည်။<br>• သင်ကြားရေးအသက်မွေးမှုလုပ်ငန်းကို ရိုးသားစစ်မှန်ပြီး စွမ်းဆောင်ရည်ရှိသော လူငယ်များ လုပ်ကိုင်စေချင်ရန် စံနမူနာများနှင့် လက်တွေ့လေ့ကျင့်သင်ကြားမှုများတွင် ဆွဲဆောင်မှုရှိအောင် လုပ်ဆောင်မည်။ |

# နောက်ဆက်တွဲ (၂)။ အခြေအနေ ဆန်းစစ်လေ့လာမှု ပုံစံလွှာ

| ကျောင်း အမျိုးအစား | အတန်းအဆင့်/အသက်အုပ်စုများ |
|---|---|
| | |
| **ကျောင်းအနေအထား** | |
| • ပထဝီဝင်အနေအထား<br>• ကျောင်းရှိ ကျောင်းသားအရေအတွက်<br>• ကျောင်းရှိ အတန်းအရေအတွက်<br>• ကျောင်းရှိဆရာအရေအတွက်<br>• အထောက်အကူပြုဝန်ထမ်း (စီမံဝန်ထမ်း၊ စာရေး၊ တွဲဖက်၊ အကူများ စသည်)<br>• ဝန်ထမ်းများ၏ ကျွမ်းကျင်ပိုင်နိုင်မှု (နောက်ခံအခြေအနေ၊ ပညာရေး၊ ကျွမ်းကျင်မှုများ စသည်)<br>• စာသင်ခန်း အရေအတွက်နှင့် လုံလောက်မှု ရှိ/မရှိ<br>• စာကြည့်တိုက်များ၊ ဂီတခန်းမများ၊ အနုပညာခန်းမများ၊ အားကစားခန်းမ၊ ပြဇာတ်ခန်းမနှင့် အခြားသတ်မှတ်ထားသော နေရာများ ရှိ/မရှိ<br>• သင်ကြားရေး အထောက်အကူပြု ပစ္စည်းများ၊ အဆောက်အအုံများ ရှိ/မရှိ<br>• နည်းပညာ (ကွန်ပျူတာများ၊ တက်ဘလက်များ၊ စမတ်ဖုန်းများ စသည်)<br>• ကျောင်းတွင် ဖွဲ့စည်းထားမှုများနှင့် အစီအစဉ်များ (ကျောင်းစာသာသာရပ်များသင်ကြားမှုပြီးသည့်နောက် အားကစား၊ ဘာသာရေး စသည်)<br>• အတွေးအခေါ်များ၊ မျှော်မှန်းချက်များ၊ စည်းကမ်းများ စသည်<br>• ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် လုပ်ငန်းများ | |
| **စာသင်ခန်းအနေအထား** | |
| • စာသင်ခန်း အရွယ်အစား<br>• စာသင်ခန်းတွင်းရှိ ပစ္စည်းပစ္စယများ<br>• အခန်းဖွဲ့ထားပုံ<br>• ညွှန်ကြားချက်ပေးသောနည်း (ဥပမာ - ဆရာဗဟိုပြု၊ ကျောင်းသားဗဟိုပြု) | |

<table>
<tr><th colspan="2">ကျောင်းသားများ</th></tr>
<tr><td>• အတန်းထဲရှိ ကျောင်းသူကျောင်းသား အရေအတွက်<br>• ယောကျ်ားလေး/မိန်းကလေး<br>• အထူးလိုအပ်ချက်များနှင့် အားသာချက်များဆိုင်ရာ မှတ်စုများ</td><td></td></tr>
<tr><th colspan="2">မိသားစုများ</th></tr>
<tr><td>• မိသားစု ဖွဲ့စည်းပုံ (တိုးချဲ့မိသားစု၊ မိဘတစ်ဦးတည်းသာ ရှိသူ)<br>• အိမ်တွင် ပြောဆိုသည့် ဘာသာစကား<br>• မိဘများ၏ အလုပ်အကိုင်<br>• မိဘများ၏ ပညာအရည်အချင်း<br>• ကျောင်းတွင် မိဘများ၏ ပါဝင်ပတ်သက်မှု</td><td></td></tr>
<tr><th colspan="2">ရပ်ရွာလူထု</th></tr>
<tr><td>• လူဦးရေ လက္ခဏာရပ်များ (လိင်၊ အသက်၊ မိသားစုဝင် အရေအတွက်၊ မိသားစုအမျိုးအစားများ)<br>• လူမှုစီးပွားရေးဆိုင်ရာ အခြေအနေ/ ဝင်ငွေရှိသည့်အုပ်စုများ<br>• စီးပွားရေးလုပ်ငန်းများ (ဥပမာ – စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး၊ ရေလုပ်ငန်း)<br>• လူမျိုး/ဘာသာပေါင်းစုံရှိခြင်း (မည်သည့် အုပ်စုများ၊ ဘာသာရေးများ၊ ယုံကြည်မှုများ ဖြစ်သနည်း)<br>• ပညာရေးအဖွဲ့အစည်းများ (ဥပမာ – အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ)<br>• ရပ်ရွာလူထုဝန်ဆောင်မှုလုပ်ငန်းများ<br>• ရပ်ရွာလူထု၏ တောင်းဆိုမှုများနှင့် မျှော်မှန်းချက်များ</td><td></td></tr>
<tr><td colspan="2">စာသင်ခန်းစီစဉ်ဖွဲ့ထားပုံကို ဤအကွက်တွင် ရေးဆွဲပြပါ။</td></tr>
</table>

# နောက်ဆက်တွဲ (၃)။ ဆရာကို ကြည့်ရှုလေ့လာမှု ပုံစံလွှာ

| ဆရာသည်... | |
|---|---|
| စာသင်ခန်းကို မည်ကဲ့သို့ စနစ်တကျ စီစဉ်ထားသနည်း။ | |
| သင်ခန်းစာကို မည်ကဲ့သို့ စတင်သနည်း။ | |
| သင်ခန်းစာကို မည်ကဲ့သို့ ရှင်းပြသနည်း။ | |
| သင်ယူမှုလုပ်ငန်းတစ်ခုမှ တစ်ခုသို့ မည်ကဲ့သို့ ကူးပြောင်းသနည်း။ | |
| ကျောင်းသားများ၏ အကြံဉာဏ်များကို ကျိုးကြောင်းညီညွတ်ကြောင်း မည်ကဲ့သို့ အသိအမှတ်ပြု ခိုင်မာစေသနည်း။ | |
| ကျောင်းသားတစ်ဦးစီကို မည်ကဲ့သို့ ပြောကြားသနည်း။ | |
| ကျောင်းသားများအား လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ စိတ်နှစ်ထားရန် မည်ကဲ့သို့ ပြုလုပ်သနည်း။ | |
| လျော်ညီသော အပြုအမူကို ပြုမူကျင့်ကြံစေရန် မည်ကဲ့သို့ တိုက်တွန်းအားပေးသနည်း။ | |
| မေးခွန်းမေးမြန်းခြင်းနည်းလမ်းများကို မည်ကဲ့သို့ အသုံးပြုသနည်း။ | |
| မှန်ကန်သော အဖြေများကို မည်ကဲ့သို့ အသိအမှတ်ပြုသနည်း။ | |
| လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းကို မည်ကဲ့သို့ အားပေးတိုက်တွန်းသနည်း။ | |
| မည်ကဲ့သို့ ညွှန်ကြားချက် ပေးသနည်း။ | |
| ကျောင်းသားများကို နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ မည်ကဲ့သို့ ပြောဆိုဆက်ဆံသနည်း။ | |
| အခန်းအတွင်းတွင် မည်ကဲ့သို့ သွားလာသနည်း။ | |
| ကျောင်းသားများ၏ သင်ယူမှုကို မည်ကဲ့သို့ စစ်ဆေးအကဲဖြတ်သနည်း။ | |
| ကျောင်းသားများ၏ လိုအပ်ချက်အမျိုးမျိုး မည်ကဲ့သို့ ထည့်သွင်းစဉ်းစားသနည်း။ | |
| စာသင်ခန်းအတွင်း ကမ္ဘာတစ်ဝန်းလုံး အသုံးပြုနိုင်သော သင်ယူမှုပုံစံ (UDL) သဘောတရားများကို မည်ကဲ့သို့ အသုံးပြုသနည်း။ | |

# နောက်ဆက်တွဲ (၄)။ ကျောင်းသား (၁) ကို ကြည့်ရှုလေ့လာမှု ပုံစံလွှာ

| ကျောင်းသား(၁) ကို ကြည့်ရှုလေ့လာခြင်း | မှတ်စုများ |
| --- | --- |
| ဘာသာရပ် ____________________ | |
| ကျောင်းသားများ ပါဝင်သင်ယူနေသော ဘာသာရပ်၏ အဓိက အသိပညာမှာ အဘယ်နည်း။ | |
| သင် ကြည့်ရှုလေ့လာနေသော ကျောင်းသားအတွက် သင်ယူမှုဆိုင်ရာ အထူးသတိထားရန် လိုအပ်သည့် အချက်များ ရှိပါသလား။ | |
| ကျောင်းသားသည် သင်ခန်းစာပါအကြောင်းအရာကို မည်သို့ ပါဝင်လုပ်ဆောင်သင်ယူနေသနည်း။ | |
| ကျောင်းသားသည် အချို့သော လုပ်ငန်းများကို အခြားလုပ်ငန်းများထက် ပိုမိုကောင်းမွန်စွာ ပါဝင်လုပ်ဆောင် သင်ယူနေပါသလား။ မည်သည့်လုပ်ငန်းများ ဖြစ်သနည်း။ | |
| ကျောင်းသားသည် သင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြည့်မီခဲ့ပါသလား။ အဘယ်ကြောင့် ပြည့်မီခဲ့သနည်း။ အဘယ်ကြောင့် မပြည့်မီခဲ့သနည်း။ | |

# နောက်ဆက်တွဲ (၅)။ ကျောင်းသား (၂) ကို ကြည့်ရှုလေ့လာမှု ပုံစံလွှာ

## ကျောင်းသား (၂) ကို ကြည့်ရှုလေ့လာခြင်း

| |
|---|
| **တစ်နေ့တာမှတ်တမ်း ဥပမာ –**<br><br>၉:၀၀ မှ ၉:၁၀ သင်ခန်းစာမိတ်ဆက်ခြင်းနှင့် ပြီးခဲ့သည့် သင်ခန်းစာကို ပြန်လည်ဆန်းစစ်ခြင်း<br><br>၉:၁၀ မှ ၁၀:၀၀ သင်္ချာစာသင်ခန်း<br><br>• ၉:၁၀ မှ ၉:၁၅ တစ်တန်းလုံး ဆွေးနွေးခြင်း<br>• ၉:၁၅ မှ ၉:၃၀ (အပိုင်းကိန်းများ) သင်္ချာပုစ္ဆာတစ်ပုဒ်ကို အုပ်စုငယ်များဖြင့် တွက်ခြင်း |

# နောက်ဆက်တွဲ (၆)။ ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆက်ဆံမှုကို ပြန်လည်သုံးသပ်ခြင်း ပုံစံလွှာ (ဂစ်ဘ်စ် (Gibbs)မှ လိုက်လျောညီထွေ ပြင်ဆင်ထားသည်)

| ဂစ်ဘ်စ်၏ ပြန်လည်သုံးသပ်ခြင်း ပုံစံလွှာ |
| --- |
| **အဆင့် (၁) – ဖော်ပြချက်**<br>မည်သည့် အပြန်အလှန်ပြောဆိုမှု အမျိုးအစားကို သင် ကြည့်ရှုလေ့လာခဲ့သနည်း။ ၎င်းတို့သည် မည်သည့်အချိန်တွင် ဖြစ်ပွားခဲ့သနည်း။ မည်သည့်နေရာတွင် ဖြစ်ပွားခဲ့သနည်း။ မည်သူတို့ ပါဝင်ခဲ့သနည်း။ အဆိုပါ အပြန်အလှန်ပြောဆိုမှုတို့၏ ရလဒ်မှာ အဘယ်နည်း။ |
| |
| **အဆင့် (၂) – ခံစားချက်များ**<br>ဖြစ်ရပ်အတွင်း သင် မည်သို့ ခံစားခဲ့ရသနည်း။ ဖြစ်ရပ် ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် အပြန်အလှန်ပြောဆိုမှုတွင် ပါဝင်ခဲ့သူများအနေဖြင့် မည်သို့ခံစားရမည်ဟု သင် ထင်သနည်း။ |
| |
| **အဆင့် (၃) – အကဲဖြတ်သုံးသပ်ခြင်း**<br>အပြန်အလှန်ပြောဆိုစဉ်တွင် မည်သည်တို့ ကောင်းမွန်စွာ ပြီးဆုံးသွားခဲ့သနည်း။ အဘယ်ကြောင့်နည်း။ မည်သည်တို့ ကောင်းမွန်စွာ မပြီးဆုံးခဲ့သနည်း။ အဘယ်ကြောင့်နည်း။ |
| |

| **အဆင့် (၄) – ဆန်းစစ်လေ့လာချက်**<br>သင် ကြည့်ရှုလေ့လာနေသည့် ကျောင်းဆရာများက ထိရောက်မှုရှိသော ဆရာအတတ်ပညာဆိုင်ရာ ပြောဆိုဆက်ဆံမှုနှင့် ဆရာ့ကျင့်ဝတ်များကို မည်သို့ ပြသခဲ့သနည်း။ |
|---|
| |

| **အဆင့် (၅) – နိဂုံးချုပ်ခြင်း**<br>အဆိုပါ အပြန်အလှန်ပြောဆိုဆက်ဆံမှုများ လုပ်ဆောင်နိုင်အောင် သင့်အနေဖြင့် မည်သည့် စွမ်းရည်များ ဖွံ့ဖြိုးရန် လိုအပ်သနည်း။ |
|---|
| |

| **အဆင့် (၆) – အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်**<br>ဤလက်တွေ့တန်းပြလေ့ကျင့်မှုအပိုင်းတွင် ဆရာအတတ်ပညာဆိုင်ရာ ထိရောက်သည့် ဆက်သွယ်ပြောဆိုမှုနှင့် ကျင့်ဝတ်များ သင့်တွင် ရှိပါကြောင်း ပြသနိုင်ရန် သင်မည်သို့ စီစဉ်ဆောင်ရွက်မည်နည်း။ |
|---|
| |

# နောက်ဆက်တွဲ (၇)။ တစ်ဦးချင်းစီ၏ ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု အစီအစဉ်

| ရည်မှန်းချက်ပန်းတိုင်များ | နည်းဗျူဟာများ | သတ်မှတ်ကာလ | ပြန်လည်သုံးသပ်ချက် |
|---|---|---|---|
| *ဤသည်မှာ အချိန်ကာလ သတ်မှတ်ချက် မပါသော သင်၏ SMART ရည်မှန်းချက်ပန်းတိုင် ဖြစ်သည်။* | *ဤသည်မှာ သင်၏ ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရန် သင်အသုံးပြုရမည့် နည်းလမ်းများဖြစ်သည်။ ၎င်းသည် ဆက်လက် ဖတ်မှတ်စရာများ၊ လမ်းညွှန်ဆရာတစ်ဦး ရှာခြင်း (သို့မဟုတ်) အလေ့အကျင့်များကို သုတေသနပြုခြင်းတို့ ဖြစ်နိုင်ပါသည်။* | *ဤသည်မှာ သင်၏ SMART ရည်မှန်းချက်ပန်းတိုင်မှ အချိန်ကာလသတ်မှတ်ချက် ဖြစ်သည်။* | *ဤသည်မှာ တတိယနှစ်တွင် သင် ပြီးမြောက်ရမည်များ ဖြစ်သည်* |
| ၁ | | | |

| ရည်မှန်းချက်ပန်းတိုင်များ | နည်းဗျူဟာများ | သတ်မှတ်ကာလ | ပြန်လည်သုံးသပ်ချက် |
|---|---|---|---|
| ၂ | | | |
| ၃ | | | |
| ၄ | | | |

# နောက်ဆက်တွဲ (၈)။ သင်ခန်းစာ ကြည့်ရှုလေ့လာမှုဆိုင်ရာ သုံးသပ်အကြံပြုလွှာ

| | | | | | |
|---|---|---|---|---|---|
| ကျောင်းသား အမည်<br><br>ကြည့်ရှုလေ့လာသူ အမည်<br><br>ကြည့်ရှုလေ့လာသည့် ရက်စွဲ | | | | | |
| အလေးထားမှု | အညွှန်းကိန်း | ဖွံ့ဖြိုးတိုးတက်မှု နည်းသေးသည် များ | ဖွံ့ဖြိုးတိုးတက် လာသည်များ | တတိယနှစ် မျှော်မှန်းချက် များကို ကျော်လွန် သည်များ | မှတ်ချက် |
| **၁။ ဘာသာရပ်ဆိုင်ရာ အသိပညာ**<br><br>ဆရာသည် ဘာသာရပ်ပါ အကြောင်းအရာကို နက်ရှိုင်းစွာ နားလည် ကျွမ်းကျင်မှုအပေါ် အခြေခံပြီး ဆီလျော်မှုရှိသော ဘာသာရပ်ဆိုင်ရာ အကြောင်းအရာကို သင်ကြားနိုင်စွမ်းရှိသည်။ | သင်ခန်းစာတွင် သင်ကြားသည့် သတင်း အချက်အလက်များ တိကျမှန်ကန်မှု ရှိသည်။ | | | | |
| | သင်ခန်းစာတွင် သင်ကြားသည့် သတင်း အချက်အလက်များသည် သင်ခန်းစာ၏ ရည်ရွယ်ချက် ပေါက်မြောက်ရန် လိုအပ်သည့် အရေးကြီးသော သတင်း အချက်အလက်များသာ ဖြစ်ကြသည်။ သင်ခန်းစာ ရည်ရွယ်ချက်ကို အနှောင့်အယှက်ဖြစ်စေသော (သို့မဟုတ်) မသက်ဆိုင်သည့် အသေးစိတ် အချက်အလက်များ မပါဝင်ပါ။ | | | | |

| အလေးထားမှု | အညွှန်းကိန်း | ဖွံ့ဖြိုးတိုးတက်မှု နည်းသေးသည်များ | ဖွံ့ဖြိုးတိုးတက်လာသည်များ | တတိယနှစ် မျှော်မှန်းချက်များကို ကျော်လွန်သည်များ | မှတ်ချက် |
|---|---|---|---|---|---|
| **၂။ သင်ခန်းစာပုံစံဒီဇိုင်း**<br><br>ဆရာသည် သင်ယူသူ ကျောင်းသားများ ကိုယ်တိုင်ဦးဆောင် သင်ယူမှုကို ဖြစ်စေသည့် သင်ကြားမှုကို အားပေးသော သင်ယူသူဗဟိုပြု သင်ခန်းစာတစ်ခုကို ရေးဆွဲနိုင်စွမ်းရှိသည်။ | ဆရာသည် သင်ခန်းစာ နိဒါန်းပျိုးရာတွင် ကျောင်းသား၏ ယခင်ရှိပြီး အသိပညာ၊ သင်ယူမှုတို့နှင့် ချိတ်ဆက်၍ ကျောင်းသားများ စိတ်ဝင်စားအောင် လုပ်ဆောင်သည်။ | | | | |
| | သင်ခန်းစာ၏ ရည်မှန်းချက်များကို ကျောင်းသားများ ရရှိနိုင်စေရန် ဆရာသည် သင်ယူမှုလုပ်ငန်း အမျိုးမျိုးကို အသုံးပြုသည်။ | | | | |
| | ဆရာက အရေးကြီးအချက်များကို အလေးပေး သင်ကြားခြင်းဖြင့် ဖြစ်စေ၊ ကျောင်းသားများမှ မေးခွန်းမေးမြန်းစေခြင်းဖြင့် ဖြစ်စေ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ သင်ခန်းစာကို အဆုံးသတ်သည်။ | | | | |

| အလေးထားမှု | အညွှန်းကိန်း | ဖွံ့ဖြိုးတိုးတက်မှု နည်းသေးသည်များ | ဖွံ့ဖြိုးတိုးတက်လာသည်များ | တတိယနှစ် မျှော်မှန်းချက်များကို ကျော်လွန်သည်များ | မှတ်ချက် |
|---|---|---|---|---|---|
| **၃။ သင်ကြား၊ သင်ယူမှု အထောက်အကူပြု ပစ္စည်းများ**<br><br>ဆရာသည် သင်ခန်းစာ အကြောင်းအရာနှင့် ဆက်သွယ်သည့် ကုန်ကျစရိတ်နည်းပြီး ထိရောက်မှုရှိသော သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို အသုံးပြုသည်။ | ဆရာသည် ကျောင်းသားများ သင်ယူမှုကို ပံ့ပိုးရန် သင်ခန်းစာအကြောင်းအရာများနှင့် ဆက်နွှယ်နေသည့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို အသုံးပြုသည်။ | | | | |
| | ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူပြုစေမည့် လမ်းညွှန်ချက်များ (သို့မဟုတ်) အကြောင်းအရာများကို ရေးပြရန် သင်ပုန်းကို အသုံးပြုသည်။ | | | | |
| **၄။ သင်ယူသူဗဟိုပြု ချဉ်းကပ်နည်း**<br><br>ဆရာသည် သင်ခန်းစာကို သင်ကြားရာတွင် ကျောင်းသားများ ကိုယ်တိုင်ဦးဆောင် သင်ယူစေပြီး အားလုံး ပါဝင်မှုရှိသည့် သင်ယူသူ ဗဟိုပြုချဉ်းကပ်နည်းနှင့် အားလုံးအကျုံးဝင်သော နည်းလမ်းများကို အသုံးပြုသည်။ | ဆရာသည် သင်ခန်းစာ သင်ချိန်အတွင်း ကျောင်းသားများ သင်ယူမှု ဦးတည်ချက်ပေါက်မြောက် စေရန် လုပ်ငန်းအမျိုးမျိုးကို အသုံးပြုသည်။ (ဥပမာ - တစ်ဦးချင်းလုပ်ငန်း၊ နှစ်ယောက်တွဲနှင့် အုပ်စု လုပ်ငန်း၊ ဆွေးနွေးခြင်း၊ လက်တွေ့အသုံးချခြင်း လုပ်ငန်းများ။) | | | | |

| အလေးထားမှု | အညွှန်းကိန်း | ဖွံ့ဖြိုးတိုးတက်မှု နည်းသေးသည်များ | ဖွံ့ဖြိုးတိုးတက်လာသည်များ | တတိယနှစ် မျှော်မှန်းချက်များကို ကျော်လွန်သည်များ | မှတ်ချက် |
| --- | --- | --- | --- | --- | --- |
| | ဆရာသည် သင်ခန်းစာ သင်ချိန်အတွင်း ကျောင်းသားများ စဉ်းစားရန်နှင့် ဆွေးနွေးရန် အချိန်ပေးသည်။ | | | | |
| | ဆရာသည် ကျား၊ မ ခွဲခြားမှုမပြုဘဲ ကျောင်းသားများအား တန်းတူညီမျှ အချိန်ပေးခြင်းနှင့် ဂရုစိုက်ခြင်းတို့ အပါအဝင် လူတိုင်း အကျုံးဝင်သော နည်းလမ်းကို သရုပ်ပြ သင်ကြားသည်။ | | | | |
| | ကျောင်းသားတစ်ဦးနှင့် တစ်ဦး မတူညီသော သင်ယူမှု လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဆရာသည် သင်ကြားရေးလုပ်ငန်းကို ပုံစံပြောင်းလဲ၍ လုပ်ဆောင်သည်။ | | | | |
| | ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို ပံ့ပိုးပေးရန်နှင့် နားလည် သဘောပေါက်မှုကို စစ်ဆေးရန်အတွက် မေးခွန်းမေးခြင်း နည်းလမ်း အမျိုးမျိုးကို အသုံးပြုသည်။ | | | | |

| အလေးထားမှု | အညွှန်းကိန်း | ဖွံ့ဖြိုးတိုးတက်မှု နည်းသေးသည် များ | ဖွံ့ဖြိုးတိုးတက် လာသည်များ | တတိယနှစ် မျှော်မှန်းချက် များကို ကျော်လွန် သည်များ | မှတ်ချက် |
|---|---|---|---|---|---|
| **၅။ စစ်ဆေးအကဲဖြတ်မှုကို အသုံးပြုခြင်း**<br><br>ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ်ရန် သင်ယူစဉ်စစ်ဆေး အကဲဖြတ်မှု နည်းလမ်းများကို အသုံးပြုသည်။ | ဆရာသည် ကျောင်းသားများ၏ နားလည် သဘောပေါက်မှုကို စစ်ဆေးရန် စစ်ဆေးအကဲဖြတ်မှု နည်းလမ်း အမျိုးမျိုးကို အသုံးပြုသည်။ | | | | |
| **၆။ ကျောင်းသားများနှင့် အပြန်အလှန်ပြောဆို ဆက်သွယ်မှု**<br><br>ဆရာသည် နွေးထွေး ရင်းနှီးသော အပြုအမူဖြင့် ကျောင်းသား/သူများနှင့် ဆက်သွယ်ပြောဆိုပြီး ထိုသို့ပြုလုပ်ခြင်းသည် ကျောင်းသားများ သင်ယူမှုတွင် စိတ်ပါဝင်စားမှုကို မြှင့်တင်ပေးသည်။ | ဆရာသည် ကျောင်းသား အားလုံးနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသည့်အခါ နွေးထွေးရင်းနှီးစွာနှင့် လေးစားစွာ ပြုမူသည်။ | | | | |
| | ဆရာသည် ကျောင်းသား များ၏ အပြုအမူကို စီမံ ဆောင်ရွက်နိုင်ရန် အပြုသဘောဆောင်သော စည်းကမ်းထိန်းသိမ်းရေး နည်းလမ်းများကို သုံးသည်။ | | | | |
| | ဆရာသည် ကျောင်းသား များက ၎င်းတို့၏ စိတ်ကူး အကြံဉာဏ်များကို ဝေမျှနိုင် ရန်နှင့် ကျောင်းသားများ ပြောရမည့်အရာများကို စိတ်ပါဝင်စားစွာ နားထောင်ရန် ကျား၊မ၊ သင်ယူမှုစွမ်းရည် နှင့် သင်ယူမှုပုံစံများကို ကိုယ်စားပြုဖော်ပြသည့် ကျောင်းသားများကို အခွင့်အလမ်းများပေးသည်။ | | | | |

| အလေးထားမှု | အညွှန်းကိန်း | ဖွံ့ဖြိုးတိုးတက်မှု နည်းသေး | ဖွံ့ဖြိုးတိုးတက် လာသည်များ | တတိယနှစ် မျှော်မှန်းချက်များကို ကျော်လွန်သည်များ | မှတ်ချက် |
|---|---|---|---|---|---|
| **၁။ သင်ယူသူကိုယ်တိုင် ဦးဆောင်သင်ယူမှု**<br>ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။ | ကျောင်းသားများသည် သင်ခန်းစာဆိုင်ရာ သင်ယူမှု လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ (ဥပမာ - တစ်ဦးချင်း လုပ်ငန်း၊ နှစ်ယောက်တွဲနှင့် အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချခြင်းလုပ်ငန်းများ)။ | | | | |
| | ကျောင်းသားများသည် ၎င်းတို့၏ အတန်းဖော်များနှင့်အတူ ပူပေါင်းလုပ်ဆောင်ကြသည်။ | | | | |
| **၂။ အပြုသဘောဆောင်သော စိတ်နေသဘောထား** | ကျောင်းသားများသည် သင်ယူရန် စိတ်အားထက်သန်မှုကို ပြကြသည်။ | | | | |
| **အားသာချက် နယ်ပယ်များ** | | | | | |
| **ဖွံ့ဖြိုးတိုးတက်ရန် လိုသေးသည့် နယ်ပယ်များ** | | | | | |
| **ထပ်ဆောင်းမှတ်ချက်များ** | | | | | |

# နောက်ဆက်တွဲ (၉)။ တတိယနှစ် သင်ပြမှုပုံစံလွှာ

| တတိယနှစ်သင်ပြမှုပုံစံလွှာ | | | |
|---|---|---|---|
| အတန်း – | နေ့စွဲ – | အချိန် – | ဆရာ – |
| **သင်ခန်းစာ** – *(သင်၏ သင်ခန်းစာ အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်မှာ အဘယ်နည်း။)* | | | |
| **ကျောင်းသားများအကြောင်းကို သိရှိခြင်း** –<br>က။ ယခင်သိရှိပြီး အသိပညာ *(ကျောင်းသားများသည် မည်သည်ကို သိရှိထားသနည်း။ မည်သည်တို့ကို ပြုလုပ်နိုင်ပြီး ဖြစ်သနည်း။)*<br><br>ခ။ ကျောင်းသား၏ ကိုယ်ရေးမှတ်တမ်း *(ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ သင် မည်သည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သနည်း။)* | | | |
| **သင်ခန်းစာ ရည်ရွယ်ချက်** – *(သင်ခန်းစာ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင် မည်သည့်အရာကို ဆောင်ရွက်စေလိုသနည်း။)* | | | |
| **သင်ယူမှုရလဒ်များ** – *(SMART သင်ယူမှုရလဒ်များကို တည်ဆောက်ပါ။ သင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် မည်သည်တို့ကို သိရှိပြီး မည်သည်တို့ကို လုပ်ဆောင်နိုင်မည်နည်း။)*<br><br>သင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်– | | | |
| **အောင်မြင်မှုစံနှုန်းများ** – *(ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များ ၎င်းတို့ ရရှိသွားကြောင်း သင်နှင့် သင်၏ကျောင်းသားများ မည်သို့ သိရှိကြမည်နည်း။ ဥပမာ – ၎င်းတို့သည် သင်္ချာပုစ္ဆာ ဆယ်ပုဒ်တွင် ခုနစ်ပုဒ်ကို တွက်ချက်နိုင်မည်၊ ပုံတစ်ပုံတွင် ပန်းပွင့် တစ်ပွင့်၏ အစိတ်အပိုင်းအားလုံးကို အညွှန်းတပ်နိုင်မည်။)* | | | |

| |
|---|
| **သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အခွင့်အလမ်းများ –** *(ဆရာက မေးခွန်းမေးမြန်းခြင်း၊ ဆရာက ကြည့်ရှုလေ့လာခြင်း၊ ဆရာက ကျောင်းသား လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ ရိုးရှင်းသော အကဲဖြတ်ရန်သတ်မှတ်ချက်ဇယားကို အသုံးပြု၍ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း)* |
| **သင်ကြားသင်ယူမှုနည်းစနစ်များ –** *(သင်ခန်းစာသည် စူးစမ်းရှာဖွေမှု အခြေပြုလား၊ ပြဿနာ အခြေပြုလား၊ စီမံချက်အခြေပြုလား၊ တိုက်ရိုက်ညွှန်ကြားချက်ပေးသော သင်ခန်းစာတစ်ခုဖြစ်ပါသလား စသည်ဖြင့်)* |
| **သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ –** *(သင်သည် ဥာဏ်ဖွင့်ဆွေးနွေးခြင်း၊ ပုံပြောသင်ကြားသင်ယူနည်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ အုပ်စုလုပ်ငန်း စသည်တို့ကို အသုံးပြုပါမည်လား စသည်ဖြင့်)* |
| **သင်ထောက်ကူများနှင့် ရင်းမြစ်များ** (ရုပ်ပုံ သင်ထောက်ကူများ၊ အသံ သင်ထောက်ကူများ၊ နည်းပညာများ ပေါင်းစပ်ခြင်း) – *(စက္ကူလိုအပ်ပါသလား။ ပုံဆွဲကိရိယာများ လိုအပ်ပါသလား။ ကွန်ပျူတာများ လိုအပ်ပါသလား စသည်ဖြင့်)* |

| **အဆင့်** | **အချိန်** *(၄၅ မိနစ်)* | **ဆရာ လုပ်ငန်း** *(သင် မည်သည်ကို ပြုလုပ်နေသနည်း။)* | **ကျောင်းသား လုပ်ငန်း** *(ကျောင်းသား များ မည်သည် ကို ပြုလုပ်နေ သနည်း။)* | **လိုအပ်ချက်အလိုက် ပြောင်းလဲ လုပ်ဆောင်ခြင်း** *(ကျောင်းသားများ၏ သင်ကြား၊သင်ယူမှု ကို လိုအပ်ချက် အလိုက် သင် မည်ကဲ့သို့ ပြောင်းလဲ လုပ်ဆောင်မည် နည်း။)* |
|---|---|---|---|---|
| **မိတ်ဆက်** *(ကျောင်းသားများ၏ အာရုံစိုက်မှုကို သင် မည်ကဲ့သို့ ရယူမည်နည်း၊ ယခင် သင်ယူခဲ့သည်များနှင့် မည်ကဲ့သို့ ချိတ်ဆက်မည် နည်း၊ ရည်ရွယ်ထားသော သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို မည်ကဲ့သို့ ဆက်သွယ် မည်နည်း။)* | | | | |
| **သင်ကြားစဉ်** *(သင်ခန်းစာ သင်ကြားစဉ် တွင် အဆင့်အမျိုးမျိုး ရှိပါမည်လား ဥပမာ - ရှင်းလင်းသင်ကြားခြင်း၊ ဦးဆောင် သင်ကြားခြင်း အလေ့အကျင့်၊ အကူအညီ မပါသော အလေ့အကျင့်။)* | | | | |
| **ပြန်လည်ဆန်းစစ်ခြင်း** *(သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိ အောင်မြင်မှုအပေါ် သင် မည်ကဲ့သို့ စစ်ဆေး အကဲဖြတ်မည်နည်း၊ သင်ယူမှုအပေါ် ပြန်လည် သုံးသပ်ခြင်းအတွက် ကျောင်းသားများကို မည်သို့ ပံ့ပိုးကူညီမည် နည်း။)* | | | | |

**ဆရာ၏ အကဲဖြတ်သုံးသပ်ခြင်း** *(အကဲဖြတ်သုံးသပ်ရန်အတွက် မေးခွန်းများ စီစဉ်ထားပြီး သင်ခန်းစာ ပို့ချပြီးနောက် ဤအပိုင်းကို ပြီးမြောက်အောင် ဆောင်ရွက်ပါ။)*

သင်၏ ကျောင်းသားအားလုံးသည် သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြပြီး ရည်ရွယ်ထားသော သင်ယူမှုရလဒ်များကို ရရှိခဲ့ပါသလား။ သင်ယူမှုရလဒ်များသည် ကျောင်းသားများ၏ အဆင့် (သို့မဟုတ်) အဆင့်များနှင့် ကိုက်ညီပါသလား။ ၎င်းတို့ကို ပေးထားသော အချိန်သတ်မှတ်ချက်သည် လက်တွေ့ကျပါသလား။

သင်ကြားသင်ယူမှု နည်းစနစ်များ (သို့မဟုတ်) နည်းလမ်းများသည် မည်မျှထိရောက်မှုရှိပါသနည်း။ သင်ထောက်ကူများ (သို့မဟုတ်) ရင်းမြစ်များ ရှိပါသလား။ သင်ယူစဉ် စစ်ဆေးခြင်းနှင့် တုံ့ပြန်အကြံပြုရန် အခွင့်အလမ်းများ ရှိပါသလား။

ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုကောင်းမွန်စေရန် နောက်တစ်ကြိမ်တွင် သင် မည်သည့်အချက်ကို ကွဲပြားအောင် လုပ်ဆောင်မည်နည်း။

# နောက်ဆက်တွဲ (၁၀)။ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ်ကို ပြန်လည်သုံးသပ်ခြင်း ပုံစံလွှာ

| အဆင့်များ | လမ်းညွှန်မေးခွန်းများ | ပြန်လည်သုံးသပ်ချက်များ |
|---|---|---|
| ၁။ သုတေသန မေးခွန်းတစ်ခုကို သတ်မှတ်ဖော်ထုတ်ပါ။ | ကျွန်ုပ်၏ အလေ့အကျင့် တိုးတက်လာစေရန် အထောက်အကူဖြစ်စေမည့် သုတေသနမေးခွန်းတစ်ခုကို သတ်မှတ်ဖော်ထုတ်ခဲ့ပါသလား။ လက်တွေ့တန်းပြ လေ့ကျင့်နေစဉ်အတွင်း လက်တွေ့ကျကျ ဆောင်ရွက်နိုင်ပါသလား။ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသလား။ | |
| ၂။ သင်၏ မေးခွန်းကို သုတေသန ပြုပါ။ | ကျွန်ုပ်၏ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသန စာတမ်းငယ် လုပ်ဆောင်ရာတွင် အကူအညီဖြစ်စေမည့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို သုတေသနပြုထားပါသလား၊ သတင်းအချက်အလက် အလုံအလောက် ရရှိထားပါသလား။ | |
| ၃။ သင်၏ သုတေသနကို ကြိုတင် စီစဉ်ပါ။ | လက်တွေ့တန်းပြလေ့ကျင့်နေစဉ်အတွင်း ကျွန်ုပ်၏ ကိုယ်တိုင်လုပ်ဆောင်သည့် သုတေသနစာတမ်းငယ်ကို အချက်အလက်ပေးမည့် ဒေတာအချက်အလက် စုဆောင်းခြင်းအတွက် သင့်လျော်သော နည်းလမ်းများကို ရွေးချယ်ထားပါသလား။ | |
| ၄။ သင်၏ သုတေသနကို ဆောင်ရွက်ပါ။ | လက်တွေ့တန်းပြလေ့ကျင့်ခြင်း ကာလအတွင်း ကျွန်ုပ်၏ ဒေတာအချက်အလက်များကို မည်ကဲ့သို့၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် စုဆောင်းမည်ဟု ဆုံးဖြတ်ထားပါသလား။ | |
| ၅။ သင်၏ ဒေတာ အချက်အလက် များကို ဆန်းစစ်လေ့လာပါ။ | ကျွန်ုပ်၏ ဒေတာအချက်အလက်များကို ဆန်းစစ် လေ့လာရန် နည်းလမ်းများနှင့် ပြုလုပ်ရမည့် ပြောင်းလဲမှုများကို ရှင်းလင်းစွာ သတ်မှတ်ဖော်ထုတ် ထားပါသလား။ | |
| ၆။ သင်၏ ထိုးထွင်းသိမြင်မှုများ အတိုင်း ပြုမူဆောင်ရွက်ပါ။ | ကျွန်ုပ်၏ ဆန်းစစ်လေ့လာမှုအပေါ် အခြေပြု၍ ကျွန်ုပ် သတ်မှတ်ဖော်ထုတ်ထားသည့် ပြောင်းလဲမှုများကို မည်ကဲ့သို့၊ မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကို ထည့်သွင်း စဉ်းစားထားပါသလား။ | |
| ၇။ ပြန်လည် ဆန်းစစ်ပြီး ပြောင်းလဲမှုများ ပြုလုပ်ပါ။ | ပြောင်းလဲမှုများ အောင်မြင်နိုင်ခြင်းရှိ/ မရှိနှင့် အခြား ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်ခြင်း ရှိ/မရှိ ဆုံးဖြတ်ရန် ကျွန်ုပ်၏ ဆန်းစစ်လေ့လာမှုအပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြောင်းလဲမှုများကို မည်ကဲ့သို့ ပြန်လည်ဆန်းစစ်မည်ဟု သတ်မှတ်ဖော်ထုတ်ထားပါသလား။ | |

## မှတ်စုများ

## မှတ်စုများ

ယူနက်စကို မြန်မာစီမံကိန်းရုံး